# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၈၈)၊ ၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်၊ ၂၁-၉-၂၀၂၅၊ တနင်္ဂနွေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မှော်ဘီ)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၀

နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ မှော်ဘီ တပ်နယ်ရှိ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား

စာမျက်နှာ ၃ သို့ ☆



နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော် ရုပ်မြင်သံကြား ထုတ်လွှင့်ရေး တပ်(မှော်ဘီ)အတွင်း ကြည့်ရှု စစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာအညွှန်း


**အမေရိကန်သို့လာရောက်မည့် နိုင်ငံခြားသားကျွမ်းကျင်လုပ်သားများအတွက် ဗီဇာကြေး ဒေါ်လာတစ်သိန်း ကောက်ခံမည်**

စာမျက်နှာ ၈

**စပိန်လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့်(၁)နေရာသို့ ရောက်ရှိလာ**

စာမျက်နှာ ၁၁

**ကျန်းမာရေးအတွက် ဆေးနည်းများ (ဆောင်းပါး)**

စာမျက်နှာ ၁၇


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၂၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ တနင်္ဂနွေနေ့။

မန္တလေး နေ့စဉ်

## သဘာဝသယံဇာတများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်လျက်ရှိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အနေဖြင့် သဘာဝသယံဇာတများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနိုင်ရေးအတွက် စီမံအုပ်ချုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောဖုံးလွှမ်းမှု ပြန်လည်ကောင်းမွန်လာစေရေးနှင့် နိုင်ငံသစ်တောဖုံးလွှမ်းမှု ၅၀ ရာခိုင်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။ သစ်တောစိုက်ခင်းများတည်ထောင်ရေး၊ ကားလမ်းဘေးဝဲယာ စိမ်းလန်းစိုပြည်ရေး၊ အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်း စိမ်းလန်းစိုပြည်ရေး၊ သဘာဝတောများ ကာကွယ်ရေး၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။ ဝန်ထမ်းများအနေဖြင့် သဘာဝသယံဇာတများကို အကောင်းဆုံး စီမံခန့်ခွဲနိုင်ရန်၊ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရန်နှင့် ဌာနလုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အရေးကြီးပါကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းတွင် မင်းဘူးမြို့ မြို့တော်ခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက် (၄)ရပ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်သွားရမှာဖြစ်သည်။ အလားတူပြည်သူများ၏ အားကိုးအားထားပြုထိုက်သော နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဆောင်ရွက်နိုင်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကျင့်ကြံသွားရမှာဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးမြို့နယ်၊ မင်းဘူး-အမ်းကားလမ်းဘေးရှိ အပူပိုင်း(၁၃)ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၂၅ ခုနှစ် မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတွင် စိုက်ပျိုးခဲ့သည့် သစ်မျိုးစုံ ၁၀၀၀ ပင်၏ ရှင်သန်အောင်မြင်မှု အခြေအနေအား ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထားသော အပင်များ ဆက်လက်ရှင်သန် ကြီးထွားအောင် ထိန်းသိမ်းစောင့်ရှောက်သွားရန်မှာကြားသည်။ ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးမြို့နယ်၊ တဲကုန်းကျေးရွာအနီးရှိ ကျေးရွာသုံးထင်းစိုက်ခင်းဧက ၃၀ နှင့် ဒဟက်၊ မဲဇလီ အထူးစိမ်း တစ်အုပ်တစ်မစိုက်ခင်း ၁၅၀၀ ပင်၏ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေကိုလည်းကောင်း၊ ၂၀၂၅ ခုနှစ် မိုးရာသီလူထုလှုပ်ရှားမှု သစ်ပင်စိုက်ပွဲမှ အပင်များ၏ ရှင်သန်အောင်မြင်မှု အခြေအနေကိုလည်းကောင်း၊ ဆင်ခေါင်း-ဇီးအိုင်ကြိုးပြင်ကာကွယ်တောအတွင်းရှိ ကျေးရွာထင်းစိုက်ခင်းဧက ၂၀ နှင့် ကျေးရွာထင်းစိုက်ခင်းဧက ၃၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေကိုလည်းကောင်း၊ ပုဂံကြိုးဝိုင်းအတွင်းရှိ ကျေးရွာထင်းစိုက်ခင်းဧက ၅၀ ၏ ရှင်သန်အောင်မြင်မှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီတွင် နိုင်ငံနှင့်အဝန်း နိုင်ငံပိုင်သစ်တောစိုက်ခင်းများအပါအဝင် သစ်ပင် စုစုပေါင်း ၂၁ ဒသမ ၈၇၉ သန်းကို စိုက်ပျိုးတည်ထောင်နိုင်ခဲ့သည်။ သစ်ပင်သစ်တောများသည် လူသားများအပါအဝင် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိသတ္တဝါများအားလုံး၏ အသက်ရှင်ရပ်တည်ရေးအတွက် အောက်ဆီဂျင်ကို ထုတ်လုပ်ပေးနိုင်သည့် တစ်ခုတည်းသော ဂေဟစနစ်ဖြစ်သည့်အတွက် အသက်ပံ့ပိုးမှုစနစ်(Life Supporting System)အဖြစ် သတ်မှတ်ထားရာ သဘာဝသယံဇာတများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရမည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့ကြီးပူနွေးလာမှု၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများကိုလည်း တားဆီးကာကွယ်ပေးမည်ဖြစ်သည်။ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေး၊ စားရေရိက္ခာဖူလုံရေးစသည့် ဂေဟစနစ်ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးသည့်အတွက် စနစ်တကျစိုက်ပျိုးခြင်း၊ စီမံအုပ်ချုပ်ခြင်းဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး နိုင်ငံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုအကျိုးရှိစေမည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## အောင်မြေသာစံမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၇၅ ပါးနှင့် ဒေသခံပြည်သူ ၇၂ ဦးတို့ကို သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို၊ သွေးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ECG စက်၊ Ultrasound စက်တို့ဖြင့် ရောဂါ ရှာဖွေစမ်းသပ်စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီးစဉ်ဆောင်ရွက်ပေးသည်။ (ဝဲပုံ)

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးမည်

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိသည်။ (ယာပုံ)

သက်သာဈေးရောင်းချမည့် အစီအစဉ်များကို စက်တင်ဘာ ၂၂ ရက်တွင် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၁)၊ ၈၂လမ်းနှင့် ၂၆လမ်းထောင့်နှင့် အောင်မြေသာစံမြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်(၂)၊ ၈၃လမ်းနှင့် ၂၄လမ်းထောင့်တို့တွင် လည်းကောင်း၊ စက်တင်ဘာ ၂၃ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ စိတ္တရမဟီရပ်ကွက်၊ ၇၄လမ်း၊ ၂၈လမ်းနှင့် ၂၉လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ ၁၁၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားတို့တွင် လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၅၈လမ်း၊ ၃၈လမ်းနှင့် ၃၉လမ်းကြားနှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာအုပ်စု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတို့တွင် လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊၁၀၅လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတွင်လည်းကောင်း၊ စက်တင်ဘာ ၂၆ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလှံ ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ ၅၉ လမ်းနှင့် ၁၄၀လမ်းထောင့်တို့တွင် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ ဈေးနှင့် သားသတ်ဌာနဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**




## စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**လားရှိုး စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့တွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းမြောက်)က ကြီးကြပ်၍ ရန်တိုင်းအောင်ဆုတောင်းပြည့်မြို့ဦးစေတီတော်ကြီးတွင် ယနေ့နံနက် ၇ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တွဲဖက်ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများက ရန်တိုင်းအောင်ဆုတောင်းပြည့်စေတီတော်ကြီး ပရိဝုဏ်အတွင်း၊အပြင် သန့်ရှင်းသာယာလှပရေး၊ အမှိုက်များစွန့်ပစ်မှု မရှိစေရေး၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းမြေ့စွာ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဘုရားအတွင်း၊အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရန်အတွက် မြောင်းအတွင်းမှ အမှိုက်များဆယ်ယူခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ပြည်နယ်အစိုးရအဖွဲ့ခွဲ(ရှမ်းမြောက်)ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## သတင်းများ၊ ထူးခြားဖြစ်စဉ် သတင်းများနှင့် အများပြည်သူသိသင့်သိထိုက်သည့် ပြည်တွင်း၊ ပြည်ပ သတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်နေရန်လို





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီ)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

☆ ရှေ့ဖုံးမှ

တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီ)မှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်မင်းထွန်းနှင့် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီ) တပ်မှူးတို့က တပ်သမိုင်းအကျဉ်း၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် အထွေထွေလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က **သတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများနှင့် အများပြည်သူသိသင့်သိထိုက်သည့် ပြည်တွင်း၊ ပြည်ပသတင်းများကို မှန်မှန်ကန်ကန်နှင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ထုတ်လွှင့်နေရန်လိုကြောင်း၊** ဖျော်ဖြေမှုများဆောင်ရွက်ရာတွင် အသံနှင့်အရုပ် နှစ်ခုလုံးပါဝင်သည်ဖြစ်သဖြင့် အသံကောင်းမွန်ရုံသာမက တင်ဆက်သည့်အစီအစဉ်နှင့် ကိုက်ညီသည့် ဝတ်စားဆင်ယင်မှုဖြစ်စေရန်လည်း အရေးကြီးကြောင်း၊ **သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်စေရေး တည်းဖြတ်ခြင်းများကို စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ထုတ်လွှင့်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ အစီအစဉ်များထုတ်လွှင့်ရာတွင်လည်း ပြည်သူများ ကောင်းရာကောင်းကျိုးကို အကျိုးပြုစေနိုင်မည့်၊ အသိပညာဗဟုသုတရရှိစေနိုင်မည့် ပြည်သူ့အကျိုးပြု အစီအစဉ်ကောင်းများ ဖြစ်ရန်လိုကြောင်း**နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီ)စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြား၍ တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီ) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီ) ဝန်ထမ်းစားရိပ်သာအဆောက်အအုံသစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြား၍ အရာရှိ၊ စစ်သည်များ၊ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်မှူးက လက်ခံရယူသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တပ်မတော် ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ်(မြဝတီ)အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

☆ သတင်းများထုတ်လွှင့်ခြင်းနှင့် အစီအစဉ်များထုတ်လွှင့်ရာတွင် သွက်လက်ဖျတ်လတ်၍ နှစ်လိုဖွယ်ဖြစ်စေရေး တည်းဖြတ်ခြင်းများကို စနစ်တကျဖြင့်ဆောင်ရွက်

☆ ထုတ်လွှင့်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တည်းဖြတ်သူ၊ ကြီးကြပ်သူများအနေဖြင့် စနစ်တကျဆောင်ရွက်

☆ အစီအစဉ်များထုတ်လွှင့်ရာတွင်လည်း ပြည်သူများ ကောင်းရာကောင်းကျိုးကို အကျိုးပြုစေနိုင်မည့်၊ အသိပညာဗဟုသုတရရှိစေနိုင်မည့် ပြည်သူ့အကျိုးပြု အစီအစဉ်ကောင်းများဖြစ်ရန်လို

# (၈)ကြိမ်မြောက် တရုတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်


နေပြည်တော် စက်တင်ဘာ ၂၀

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင်ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiaohong ၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး၊ လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု ဖိုရမ်(၂၀၂၅)သို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၄ ရက် ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ကွမ်ကျိုးမြို့မှတစ်ဆင့် ပေကျင်းမြို့သို့ ရောက်ရှိသည်။

လက်မှတ်ရေးထိုး

စက်တင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် ပေကျင်းမြို့ရှိ Rui An ဟိုတယ်၌ ကျင်းပပြုလုပ်သည့် (၈)ကြိမ်မြောက် တရုတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်၍ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးပြီး အစည်းအဝေးသဘောတူညီမှုမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝင် ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiaohong အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ညနေပိုင်းတွင် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ဒေသတွင်းနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး ဒေသတွင်းလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး၊ လန်ချန်း-မဲခေါင်နိုင်ငံများအကြား အပြန်အလှန် ယုံကြည်မှုနှင့် နားလည်မှု ပိုမိုမြင့်မားလာစေပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးပြီး ညပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Wang Xiaohong က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပပြုလုပ်သည့် ဒုတိယအကြိမ် ပြည်သူ့လုံခြုံရေးဆိုင်ရာနည်းပညာပြပွဲနှင့် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ် (၂၀၂၅)သို့ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်အတူ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး နယ်ပယ်တွင် လက်တွေ့ဆန်သော ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို နိုင်ငံပေါင်းစုံ အတူတကွလက်တွဲပူးပေါင်း တိုက်ဖျက်ရေး၊ သတင်းအချက်အလက်ဖလှယ်ရေး၊ အငြင်းပွားမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရေး စသည်တို့ကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

စက်တင်ဘာ ၁၈ ရက် ညပိုင်းတွင် ရှန်ဟိုင်းမြို့သို့ ရောက်ရှိကာ စက်တင်ဘာ ၁၉ ရက်တွင် ရှန်ဟိုင်းမြို့ ပြည်သူ့လုံခြုံရေးဦးစီးဌာန၏ Pu Tuo ခရိုင်ရဲဌာနချုပ်သို့ သွားရောက်၍ ရာဇဝတ်မှုခင်းစစ်ဆေးခြင်းနှင့် စပ်လျဉ်းသော ရဲလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များကို ကြည့်ရှုလေ့လာခဲ့ပြီး စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်အတွင်း တရုတ်-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံ ဝန်ကြီးဌာနနှစ်ခုအကြား ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ လန်ချန်း-မဲခေါင် ဒေသတွင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ လည်းကောင်း၊ ကမ္ဘာ့ဒေသအသီးသီးမှ နိုင်ငံများနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးမှုများအရလည်းကောင်း အပြုသဘောဆောင်သည့် ရလဒ်များရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ရှမ်းပြည်နယ်မှ လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စားလှယ်များကို တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၀

ရှမ်းပြည်နယ်မှ လေ့လာရေးခရီးလာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၆ နာရီက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ်မှ လေ့လာရေးခရီး လာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယခုလေ့လာရေးခရီးစဉ်သည် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၏ (၈)ကြိမ်မြောက် လေ့လာရေးခရီးစဉ်ဖြစ်ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များအကြား တစ်ဦးနှင့်တစ်ဦး အတွေ့အကြုံများကို အမြင်ချင်းဖလှယ်နိုင်ပြီး ရင်းနှီးမှုများပိုမိုရရှိစေမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းဒေသကြီးနှင့်ပြည်နယ်များကို ပေါင်းစုထားသည့် ပြည်ထောင်စုတစ်ခုဖြစ်သည့်အတွက် အမျိုးသားညီညွတ်ရေးသည် အလွန်အင်မတန် အရေးကြီးပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုနှင့် အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ပါက စစ်မှန်သည့်ညီညွတ်ရေးကို ရရှိပိုင်ဆိုင်နိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်တည်ဆောက်ရန်အတွက် အရေးကြီးဆုံးအချက်သည် ငြိမ်းချမ်းရေးပင်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုဆောင်ရွက်နိုင်မှာဖြစ်ပါကြောင်း၊ ယခုလေ့လာရေးခရီးစဉ်တွင် ငြိမ်းချမ်းသည့်ဒေသများ၌ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများကို လက်တွေ့မြင်တွေ့နိုင်မည်ဖြစ်ပါကြောင်း။




နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်သဖြင့် နိုင်ငံတော်က ငြိမ်းချမ်းရေး၊ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်နည်းတူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကလည်း အတူတကွစည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် မိမိတို့၏ ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဒို့တာဝန်အရေး (၃)ပါးကို မထိခိုက်စေဘဲ ဒီမိုကရေစီဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းစေရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်မှ လေ့လာရေးခရီး လာရောက်ကြသည့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ ကိုယ်စားလှယ်များက ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ကို ဂါရဝပြုလက်ဆောင်များပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှတ်တရ လက်ဆောင်များ ပြန်လည်ပေးအပ်ကြကာ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ဖျော်ဖြေတင်ဆက်

ယင်းနောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ကိုယ်စား ပအိုဝ်းတိုင်းရင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများသည် လေ့လာရေးလာရောက်ကြသည့်အဖွဲ့များနှင့်အတူ ချစ်ကြည်ရင်းနှီးစွာဖြင့် ညစာသုံးဆောင်ကြကာ ညစာသုံးဆောင်စဉ် တိုင်းရင်းသားရိုးရာ တေးသီချင်းများ၊ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

ရွေးကောက်ပွဲ ကျင်းပရန်
၉၈ ရက်
သာ လိုတော့သည်။

# တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၆) နှစ်မြောက်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်မြောက်ဂုဏ်ပြုခြင်း အနုပညာဖျော်ဖြေပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

တရုတ်ပြည်သူ့ သမ္မတနိုင်ငံထူထောင်ခြင်း (၇၆) နှစ်မြောက်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅) နှစ်မြောက် ဂုဏ်ပြုခြင်းအနုပညာဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ဇနီး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား၊ မိတ်ဖက်အဖွဲ့အစည်းများ၊ တရုတ်နိုင်ငံ ဂူအော်ပရာအဖွဲ့သားများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်ခြင်း (၇၆)နှစ်မြောက်နှင့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက် ဂုဏ်ပြုခြင်း အနုပညာဖျော်ဖြေပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ဦးစွာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ရာမာယဏ" ဇာတ်တော်ထဲမှ "ရာမသမင်လိုက်ခန်း" ဖြင့် ကပြဖျော်ဖြေသည်။ ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စ မာကျားက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ခေတ်တွင် နိုင်ငံအလိုက် အမျိုးသားရေးလက္ခဏာပုံရိပ်များကို အပြည့်အဝဖော်ထုတ်မိတ်ဆက်ပြသနိုင်ရန် "ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်း"ကို နူးညံ့သောစွမ်းအား (Soft Power) အဖြစ် အသားပေးစီစဉ်ဆောင်ရွက်လာကြသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း ရိုးရာယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများကို ဖော်ထုတ်ပြသခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယင်းမှာ ကမ္ဘာ့နိုင်ငံတိုင်းအားလုံးလိုလိုက ယဉ်ကျေးမှုရေးရာ သံခင်းတမန်ခင်းများကို မိမိတို့၏ ကိုယ်ပိုင်နည်းလမ်းများဖြင့် ဖော်ထုတ်မိတ်ဆက်နေကြပြီး နိုင်ငံအချင်းချင်း ချစ်ကြည်ရေးတည်တံ့ခိုင်မြဲစေရန်နှင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု စရိုက်လက္ခဏာများကို အခြားနိုင်ငံများနှင့် မတူညီသည့် လူမှုအဖွဲ့အစည်းများက လေးစားတန်ဖိုးထားလာကြစေရန် ကြိုးပမ်းဆောင်ရွက်ကြခြင်းပင်ဖြစ်ပါကြောင်း၊ ယနေ့ခေတ်ကာလတွင် နူးညံ့သည့်စွမ်းအားက ခိုင်မာတောင့်တင်းသော ရုပ်ပိုင်းဆိုင်ရာစွမ်းအား (Hard Power) ထက် ပိုမိုအားကောင်းလာသည်မှာ ငြင်း၍မရသည့် အချက်ဖြစ်သည်ကိုလည်း တွေ့မြင်နိုင်မည်ဖြစ်ပါကြောင်း၊ ယနေ့ဖျော်ဖြေတင်ဆက်မည့် တရုတ်နိုင်ငံ အရှေ့ပိုင်း ကျဲ့ကျန်းပြည်နယ်၏ အဓိကဒေသန္တရ အော်ပရာဇာတ်အမျိုးအစားဖြစ်သော "ကျင်းဟွာ" အော်ပရာဟု အသိများသည့် "ဝူအော်ပရာ" သည် နှစ်ပေါင်း ၅၀၀ ကျော် သမိုင်းကြောင်း ရှိနေပြီဟု သိရပါကြောင်း၊ ဝူအော်ပရာဇာတ်အဖွဲ့သည် ယခုနှစ်အတွင်း ဂျာမနီ၊ စပိန်၊ အန်ဒိုရာနိုင်ငံတို့၌ ဖျော်ဖြေတင်ဆက်ခဲ့သည်ဟု သိရပါကြောင်း၊ ယခုလို နာမည်ကြီးသည့် ဝူအော်ပရာအဖွဲ့၏ ဖျော်ဖြေတင်ဆက်မှုကို မြန်မာပရိသတ်များ ကြည့်ရှုခွင့်ရခြင်းကြောင့် များစွာ ဂုဏ်ယူဝမ်းမြောက်ရပါသည်ဟုလည်း ပြောကြားလိုပါကြောင်း။

**ဝူအော်ပရာဖြင့် ကပြဖျော်ဖြေ**

အလားတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များကလည်း အစဉ်အလာကြီးမားခဲ့ညားသော "ရာမာယဏ" ဇာတ်တော်ထဲမှ အဓိကဇာတ်ဝင်ခန်းများဖြစ်သည့် "ရာမသမင်လိုက်ခန်း" နှင့် "ဒသဂီဝ ပန်းစိုက်ခန်း"များဖြင့် ပါဝင်ကပြဖျော်ဖြေကြမည်ဖြစ်၍ နှစ်နိုင်ငံယဉ်ကျေးမှုဖလှယ်ခွင့် ရရှိမည်ဖြစ်သကဲ့သို့ မြန်မာ့အနုပညာအဆင့်အတန်းကို ဖော်ထုတ်ပြသနိုင်မည် ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း၊ ယခုကဲ့သို့ တရုတ်-မြန်မာ နှစ်နိုင်ငံ၏ ယဉ်ကျေးမှုဖလှယ်မှုများ၊ အပြန်အလှန်လေ့လာသင်ယူမှုများသည် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်စေပြီး နိုင်ငံအဆင့်တွင်လည်း ဆက်ဆံရေးခိုင်မာမှုကို တိုးမြှင့်ပေးနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံယဉ်ကျေးမှု သံယောဇဉ်ကို ကဏ္ဍစုံမှ ဆက်လက်ပြီး ထိန်းသိမ်း မြှင့်တင်ရန်လည်း တိုက်တွန်း ပြောကြားလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဝူအော်ပရာ အနုပညာယဉ်ကျေးမှုသုတေသနဌာန ကျဲ့ကျန်းဝူးကဇာတ်အဖွဲ့က "ကျင်းဟွာ"အော်ပရာဟု အသိများသည့် ဝူအော်ပရာဖြင့် ကပြဖျော်ဖြေကြသည်။

**အမှတ်တရပန်းခြင်း ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ကပြဖျော်ဖြေသည့် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဂူအော်ပရာ အနုပညာ ယဉ်ကျေးမှု သုတေသနဌာန ကျဲ့ကျန်းဝူး ကဇာတ်အဖွဲ့အား အမှတ်တရပန်းခြင်းနှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျားက သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား အမှတ်တရပန်းခြင်း ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် သံအမတ်ကြီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် တရုတ်နိုင်ငံ ကျဲ့ကျန်းပြည်နယ် ဂူအော်ပရာ အနုပညာယဉ်ကျေးမှု သုတေသနဌာန ကျဲ့ကျန်းဝူးကဇာတ်အဖွဲ့နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

စက်တင်ဘာ ၂၁ ရက်တွင် ကျဲ့ကျန်းပြည်နယ် ဂူအော်ပရာ သုတေသနဌာန ကျဲ့ကျန်းဝူးကဇာတ်အဖွဲ့သည် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ မွန်းလွဲ ၃ နာရီတွင် ပရိသတ်များအား ဆက်လက်ကပြဖျော်ဖြေသွားမည်ဖြစ်သည်။ အဆိုပါအော်ပရာအဖွဲ့က နိုင်ငံပေါင်း ၂၆ နိုင်ငံတွင် အကြိမ်ပေါင်း ၂၀၀ ကျော် ဖျော်ဖြေတင်ဆက်ခဲ့ပြီး မြန်မာနိုင်ငံတွင် ယခု ပထမဆုံးအကြိမ်အဖြစ် လာရောက် ဖျော်ဖြေတင်ဆက်ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ် (၁၁/၂၀၂၅)

၁။ လူသားတို့အပေါ် ဆင်းရဲဒုက္ခကျရောက်စေခဲ့သော ကမ္ဘာစစ်ကြီးများနှင့် ပဋိပက္ခများ၏ ဘေးအန္တရာယ်အသွယ်သွယ်မှကင်းဝေး၍ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကိုဖော်ဆောင်ရန်အလို့ငှာ ကုလသမဂ္ဂကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန် ရည်ရွယ်၍ ၁၉၈၁ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ (International Day of Peace) အဖြစ် သတ်မှတ်ခဲ့ပါသည်။

၂။ လူသားအားလုံး၏ဘဝ ဘေးကင်းလုံခြုံစွာရှင်သန်ရပ်တည်နိုင်ရေးအတွက် ငြိမ်းချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသည် လူတိုင်းအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၌ ဖော်ပြထားသကဲ့သို့ လူ့အခွင့်အရေးအားလုံးကို ရရှိခံစားနိုင်ရန်အတွက် ငြိမ်းချမ်းရေးမရှိမဖြစ်လိုအပ်ကြောင်းကို United Nations Declaration on the Right to Peace (2016) ၌ ဖော်ပြထားပါသည်။ ထို့ပြင် ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် (၁၆) (UN Sustainable Development Goal – 16 ) ပါ "ငြိမ်းချမ်းရေးနှင့် တရားမျှတမှု တည်ဆောက်ရေး" ကို နိုင်ငံအသီးသီးက အထူးအလေးပေး ဆောင်ရွက်လျက်ရှိကြပါသည်။

၃။ မြန်မာနိုင်ငံတွင်လည်း တရားမျှတမှုအပေါ်အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်သမိုင်းမှတ်တိုင်တစ်ခုဖြစ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ကို အတည်ပြုလက်မှတ်ရေးထိုးခဲ့သည့် (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသဖြင့် ဝမ်းမြောက်မိပါသည်။

၄။ ၂၀၂၅ ခုနှစ်၏ အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့ဆောင်ပုဒ်မှာ **"Act Now for a Peaceful World – ငြိမ်းချမ်းတဲ့ကမ္ဘာဖြစ်စေဖို့ ယခုကစ ဆောင်ရွက်စို့"** ဖြစ်ရာ နိုင်ငံသူ နိုင်ငံသားအားလုံး အနေဖြင့် ငြိမ်းချမ်းရေးကို လိုလားတောင့်တနေကြသည်နှင့်အမျှ လူပုဂ္ဂိုလ်တစ်ဦးချင်းကလည်း တာဝန်သိသိ အသိတရားရှိရှိနှင့် မိမိတို့ဆောင်ရွက်သင့်သည့်ကဏ္ဍများကို ကြိုးပမ်းစွမ်းဆောင်ပေးကြခြင်းဖြင့် ကမ္ဘာ့လူသားအားလုံး၏ ငြိမ်းချမ်းရေးဆိုင်ရာအခွင့်အရေးကို ရရှိခံစားနိုင်ရန် ယခုမှစ၍ အားလုံးပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းလျက် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနေ့အား ဂုဏ်ပြုအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပုသိမ်ကြီးမြို့နယ်၊ နန္ဒာကျေးရွာအုပ်စု၊ နန္ဒာ(မြောက်)ကျေးရွာ အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်




**မန္တလေး စက်တင်ဘာ ၂၀**

ပုသိမ်ကြီးမြို့နယ်၊ နန္ဒာကျေးရွာအုပ်စု၊ နန္ဒာ(မြောက်)ကျေးရွာတွင် အလင်းရောင်စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက စာကြည့်တိုက်အား ဖဲကြိုးဖြတ်၍လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးပြီးနောက် ကမ္ပည်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေးအပ်သည့် ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို တာဝန်ရှိသူထံသို့လည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အလင်းရောင်စာကြည့်တိုက်ဖြစ်မြောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ စာကြည့်တိုက်အဆောက်အအုံနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကိုလည်းကောင်း ပေးအပ်ပြီးနောက် စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မဟာအောင်မြေမြို့နယ်ရှိ မန္တလေးငလျင်ကြီးကြောင့် ငလျင်ဒဏ်နှင့်အတူ မီးလောင်ပျက်စီးခဲ့သော မန္တလေးတက္ကသိုလ်ပင်မဆောင်အဆောက်အအုံနှင့် ထိခိုက်ပျက်စီးခဲ့သည့် ဘွဲ့နှင်းသဘင်ခန်းမအဆောက်အအုံတို့ကို ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ငလျင်အလွန် စီးပွားပြန်လည်ထူထောင်ရေး MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း(MRCCI)နှင့် မန္တလေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ဦးစီးဌာနတို့မှ ကြီးမှူး၍ MRCCI SME လုပ်ငန်းကော်မတီမှ ဦးစီးကျင်းပသော ငလျင်အလွန် စီးပွားပြန်လည်ထူထောင်ရေး MSME ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး ပရိမိုးရှင်းဇရိယာတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ MRCCI နာယကများ၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိ၊ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း MSME များသည် နိုင်ငံ့စီးပွားရေး၏ အဓိကအုတ်မြစ်များဖြစ်ပါကြောင်း၊ နိုင်ငံတော်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်တစိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးနေပါကြောင်း၊ မန္တလေးငလျင်ကြီးလှုပ် ခတ်ခဲ့မှုကြောင့် MSME လုပ်ငန်းလည်ပတ်နေမှုများအား ထိခိုက်ရိုက်ခတ်မှုများဖြစ်ပေါ်ခဲ့ပြီး လုပ်ငန်းလည်ပတ်နေမှုများ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိအောင် ကြိုးစားရန်းကန်နေကြရပါကြောင်း၊ ယခုဈေးရောင်းပွဲတော်သည် MSME များ၏ ငလျင်အလွန် စီးပွားပြန်လည်ထူထောင်ရေး၊ ဈေးကွက်ချဲ့ထွင်ရေး၊ စွမ်းဆောင်ရည်တိုးတက်ရေး၊ လုပ်ငန်းရှင်အချင်းချင်း ညှိနှိုင်းဆွေးနွေးရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများအတွက် တိုးတက်မှုအသစ်များဖန်တီးပေးနိုင်မည့် ဈေးရောင်းပွဲတော်တစ်ခုဖြစ်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ နိုင်ငံတော်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အစဉ်တစိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိရာ MSME လုပ်ငန်းရှင်များအနေဖြင့်လည်း အားစိုက်ကာ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားကိုလည်းကောင်း၊ MRCCI ဥက္ကဋ္ဌက ငလျင်အလွန် စီးပွားပြန်လည်ထူထောင်ရေး MSME ဈေးရောင်းပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များနှင့် MRCCI အသင်း၏ လုပ်ငန်းများ လည်ပတ်ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားကိုလည်းကောင်း ပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် အဆိုပါဈေးရောင်းပွဲတော်တွင် လူသုံးကုန်စည်များ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ အဝတ်အထည်များ၊ ငွေကြေးနှင့် ပညာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ညီနောင်အသင်းပြခန်းများ စုစုပေါင်း ဆိုင်ခန်း ၁၀၀ နီးပါး ပါဝင်ပြသထားပြီး စက်တင်ဘာ ၂၂ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

တံတားနှင့်လမ်း၊ ဆေးခန်းနှင့်ကျောင်း
ဆည်မြောင်းနှင့်ကန်၊ သစ်ပင်ရုံမှ၊ သဏ္ဌာန်လှပ၊ ပန်းရလိမ့် ။





# မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့် ဘာသာရေးအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အမိုးသွပ်ချပ်နှင့် ခေါင်အုပ်သွပ်ချပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဘေးသင့် ဘာသာရေးအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် အမိုးသွပ်ချပ်နှင့် ခေါင်အုပ်သွပ်ချပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မဟာအတုလဝေယန်(အတုမရှိ)ကျောင်းတော်ကြီးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မစိုးရိမ်တိုက်သစ်ဓမ္မဂါရဝကျောင်းဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသ အမှူးပြုသောဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ဝတ်အသင်းများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆက်လက်၍ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။



ငင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ပြင်းထန်သည့် မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ငလျင်ဘေးသင့်ဒေသများရှိ အဆောက်အဦများ၊ အဆောက်အအုံ များ၊ ရှေးဟောင်း စေတီ၊ ပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ များစွာ ထိခိုက်ပျက်စီးခဲ့မှုများ ရှိခဲ့ပါကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကို အားလုံးညီညွတ်ပူးပေါင်းမှုအားဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ယနေ့အခမ်းအနားသည် တိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ ပြန် လည် တည် ဆောက် ရေး လုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အမိုးသွပ် ၂၅၅၆ ချပ်၊ ခေါင်အုပ်သွပ် ၃၃၃၄ ချပ် စုစုပေါင်း ၂၈၉၀ ချပ်ကို အလှူရှင် ကိုယ်စား လှူဒါန်းပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် လစ်ဟင်းမှုမရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လျှောက်ထားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ မစိုးရိမ်တိုက်သစ် ဓမ္မဂါရဝကျောင်းဆရာတော်ထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများနှင့် အမိုးသွပ် ၂၅၅၆ ချပ်၊ ခေါင်အုပ်သွပ် ၃၃၃၄ ချပ်၊ စုစုပေါင်း ၂၈၉၀ ချပ်ကို လှူဒါန်းပြီးနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ သင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ငင်းနောက် တိုင်းဒေသကြီး သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် သာသနဇောတိကာရုံကျောင်းဆရာတော်ထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာနှင့် ရေစက်ချတရားနာယူကြည်ညိုကြကာ ရေစက်သွန်းချ အမျှအတန်းပေးဝေခဲ့ပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀

၀-၀-၀

## မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံးပြိုင်ပွဲ အောင်ပွဲရ မိတ္ထီလာခရိုင်အသင်းအား ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အမျိုးသမီးဘောလုံး ပြိုင်ပွဲတွင် ပထမဗိုလ်စွဲသည့် မိတ္ထီလာခရိုင်အသင်းအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို စက်တင်ဘာ ၁၉ရက် ညနေပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုကော်မတီရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် အောင်ပွဲရ မိတ္ထီလာခရိုင် အမျိုးသမီးအသင်းသည် ပထမတံခွန်စိုက်ဆုဖလားနှင့်အတူ ကြိုဆိုပွဲကျင်းပရာ မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦး၊ မိတ္ထီလာခရိုင် အမျိုးသမီးအားကစား ဆပ်ကော်မတီနာယက၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ အားကစားဝါသနာရှင်ပြည်သူများက ပန်းစည်းများ၊ ပန်းကုံးများဖြင့် လှိုက်လှိုက်လှဲလှဲကြိုဆိုကြသည်။

(ယာပုံ)

ထို့နောက် အသင်းအုပ်ချုပ်သူ ခရိုင်အား/ကာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်က အားကစားစိတ်ဓာတ်အပြည့်ဖြင့် ယှဉ်ပြိုင်အောင်ပွဲရရှိမှုတို့ကို တင်ပြပြီး ပထမတံခွန်စိုက်ဆုဖလားကို ပြန်လည်အပ်နှံရာ ခရိုင်ဥက္ကဋ္ဌက လက်ခံ၍ အောင်ပွဲရအသင်းအား ဂုဏ်ပြုဆုငွေကျပ်ငါးသိန်းနှင့် ထူးချွန်ကစားသမားလေးဦးအား တစ်ဦးလျှင် ငွေကျပ်ငါးသောင်းစီ၊ စုစုပေါင်းဆုငွေကျပ်ခုနစ်သိန်းကို ဂုဏ်ပြုချီးမြှင့်ကာ ညနေစာဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။



(ဝ၄ဝ)

## ကျေးလက်လမ်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ညောင်ဦး စက်တင်ဘာ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်အတွင်း(၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး၊ ပြည်ထောင်စု(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ညောင်ဦးမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်ကော်မတီဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ညောင်ဦးခရိုင်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီအဖွဲ့မှ တာဝန်ရှိသူများသည် ပုဂံမြို့သစ်မှ နတ်ကြိုအိုင်ကျေးရွာသွား ကတ္တရာခင်းခြင်းဆောင်ရွက်ပြီးစီးမှု၊ တောင်ရှေ့ကျေးရွာအဝင် ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးမှု၊ တောင်ပုံဝ-လက်ဝဲလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီသာကျေးရွာအဝင် ကတ္တရာလမ်းခင်းခြင်း ဆောင်ရွက်ပြီးစီးမှုတို့အား သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

(၄၈၁)

# အမေရိကန်သို့လာရောက်မည့် နိုင်ငံခြားသား ကျွမ်းကျင်လုပ်သားများအတွက် ဗီဇာကြေး ဒေါ်လာ တစ်သိန်း ကောက်ခံမည်




**ဝါရှင်တန် စက်တင်ဘာ ၂၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ကျွမ်းကျင်အလုပ်သမားများ အမေရိကန်နိုင်ငံအတွင်း ဝင်ရောက်ရန် ခက်ခဲစေနိုင်သည့် ကြေညာချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

ထရမ့်က ဆော့ဖ်ဝဲအင်ဂျင်နီယာများနှင့် အခြားအိုင်တီ ပညာရှင်များအပါအဝင် နိုင်ငံခြားသား အလုပ်သမားများစွာ အသုံးပြုနေသည့် အိတ်ချ်-ဝမ်းဘီ ဗီဇာအမျိုးအစားအတွက် လျှောက်ထားခ ဒေါ်လာ တစ်သိန်း သတ်မှတ်ရန် ဆောင်ရွက်လျက်ရှိပြီး လက်ရှိ လျှောက်ထားခမှာ ၂၁၅ ဒေါ်လာဖြစ်သည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း သိပ္ပံနှင့်နည်းပညာနယ်ပယ်များတွင် အမိကဆောင်ရွက်သည့် နိုင်ငံခြားအလုပ်သမား အရေအတွက်သည် ၂ ဒသမ ၅ သန်းအထိ နှစ်ဆကျော် တိုးလာကြောင်းနှင့် အစီအစဉ်ကို အလွဲသုံးစားလုပ်မှုများ ရှိခဲ့ကြောင်းလည်း ကြေညာချက်တွင် ဖော်ပြထားသည်။

အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟောင်းဝပ်လုနစ်ခ်က အဆိုပါ မူဝါဒသစ်သည် အမေရိကန်၏ လုပ်သားအင်အားကို ကာကွယ်ရန်အတွက်ဖြစ်ကြောင်း ပြောကြားသည်။

အင်န်အိတ်ချ်ကေ

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ဂျပန်စီးပွားရေး ပြန်လည်အသက်ဝင် ရှင်သန်လာစေရန် ရှင်ဂျီရိုကိုအိဇုမိ အဓိကထား လုပ်ဆောင်သွားမည်ဟု ဆို



**တိုကျို စက်တင်ဘာ ၂၀**

မြင့်တက်လာနေသော ကုန်ဈေးနှုန်းများကို တန်ပြန်ရန်အတွက် လုပ်ခလစာနှင့် ကုန်ထုတ်စွမ်းအားမြှင့်တင်ပြီး စီးပွားရေးကို ပြန်လည်အသက်ဝင်လာစေရန် အဓိကထား လုပ်ဆောင်သွားမည်ဟု ဂျပန်နိုင်ငံ၏ အနာဂတ်ဝန်ကြီးချုပ်ဖြစ်လာရန် ကြိုးပမ်းနေသည့် ရှင်ဂျီရိုကိုအိဇုမိက စက်တင်ဘာ ၂၀ ရက် စနေနေ့တွင် ကတိပြုကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အာဏာရပါတီ၏ ခေါင်းဆောင်မှုပြိုင်ပွဲတွင် ဦးဆောင်သူတစ်ဦးအဖြစ် ရှုမြင်ခံထားရသည့် ကိုအိဇုမိက စီးပွားရေးမူဝါဒ၏ ဦးတည်ချက်ကို အကောင်အထည်ဖော်ရာတွင် ငွေကြေးဖောင်းပွမှုအား တိုက်ဖျက်ရန်ထက် ငွေကြေးဖောင်းပွမှုခေတ်နှင့် ပိုမိုကိုက်ညီသည့်ပုံစံသို့ ပြောင်းလဲရမည်ဟု ရှင်းလင်းပြောကြားသည်။

"ဂျပန်စီးပွားရေးဟာ ငွေကြေးကျဆင်းမှုကနေ ငွေကြေးဖောင်းပွမှုဆီကို ကူးပြောင်းနေတဲ့အဆင့်မှာ ရှိပါတယ်"ဟု လစ်ဘရယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌရာထူးအတွက် ၎င်း၏ကြိုးပမ်းမှုကို ကြေညာသည့် သတင်းစာရှင်းလင်းပွဲတွင် ကိုအိဇုမိက မှတ်ချက်ချသည်။

"စားသုံးမှုက ကြီးထွားမှုကို တွန်းအားဖြစ်လာစေဖို့အတွက် လုပ်ခလစာတိုးတက်မှုနှုန်းဟာ ငွေကြေးဖောင်းပွမှုထက် ကျော်လွန်ပြီး အရှိန်မြှင့်ရပါမယ်"ဟု ကိုအိဇုမိက ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## စာရေးဆရာမများ ရေးသားသည့် စာအုပ်များကို တာလီဘန်အစိုးရဖယ်ရှား လူ့အခွင့်အရေးနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများ သင်ကြားခွင့်မပြု

**ကဘူးလ် စက်တင်ဘာ ၂၀**

အာဖဂန်နစ္စတန်ရှိ တက္ကသိုလ်ပညာရေးစနစ်မှ စာရေးဆရာမများ ရေးသားသည့် စာအုပ်များကို တာလီဘန်အစိုးရက ဖယ်ရှားလိုက်ပြီး လူ့အခွင့်အရေးနှင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများကို သင်ကြားခြင်းမပြုရန် တားမြစ်ပိတ်ပင်လိုက်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမျိုးသမီးများရေးသားခဲ့သော "ဓာတုဗေဒဓာတ်ခွဲခန်းရှိ ဘေးကင်းရေး" အမည်ရှိ စာအုပ်များအပါအဝင် စာအုပ် ၁၄၀ ခန့်သည် ဒရှာရီယာဆန့်ကျင်ရေးနှင့် တာလီဘန်မူဝါဒများကြောင့် "စိုးရိမ်စရာ" စာအုပ် ၆၈၀ ထဲတွင် ပါဝင်ခဲ့သည်။

တက္ကသိုလ်များတွင် ဘာသာရပ် ၁၈ ခုကို သင်ကြားခွင့်မပြုတော့ဟု တာလီဘန်အရာရှိက ပြောကြားခဲ့ပြီး ယင်းဘာသာရပ်များသည် "ရှာရီယာ၏နိယာမနှင့် စနစ်၏မူဝါဒနှင့် ဆန့်ကျင်နေသည်"ဟုလည်း ထောက်ပြသည်။

ယင်းအမိန့်သည် လွန်ခဲ့သည့် လေးနှစ်က အာဏာပြန်ရယူပြီးနောက်ပိုင်း တာလီဘန်များက ပြဋ္ဌာန်းခဲ့သည့် ကန့်သတ်ချက်များအနက် နောက်ဆုံးဖြစ်ကြောင်း သိရသည်။

**Mon**

## မကြာမီ စတင်ရောင်းချမည့် အက်ပဲလ်လက်ပတ်နာရီ အတွဲ ၁၁ တွင် သုံးစွဲသူများ၏ သွေးပေါင်ချိန်ကို ဉာဏ်ရည်တုစနစ်ဖြင့် အသိပေးမည်



**ဝါရှင်တန် စက်တင်ဘာ ၂၀**

မကြာမီ စတင်ရောင်းချမည့် အက်ပဲလ်လက်ပတ်နာရီ အတွဲ ၁၁ တွင် သွေးပေါင်ချိန် တိုင်းတာသည့် ကိရိယာမပါဝင်သော်လည်း သုံးစွဲသူများ၏ သွေးပေါင်ချိန်နှင့်ပတ်သက်၍ ဉာဏ်ရည်တုစနစ်ကို အသုံးပြု၍ အသိပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ယင်းအသိပေးစနစ်ကို အက်ပဲလ်လက်ပတ်နာရီ အတွဲ ၉ မှစတင်၍ အသုံးပြုနိုင်ပြီး လက်ရှိအာရုံခံကိရိယာ အချက်အလက်များကို ဉာဏ်ရည်တုစနစ်ထဲသို့ ထည့်သွင်းအသုံးပြုစေခြင်းဖြစ်ကြောင်း အက်ပဲလ်ကုမ္ပဏီ၏ ကျန်းမာရေးဆိုင်ရာ ဒုတိယဥက္ကဋ္ဌ ဆွမ်ဘူလ်အာမက်ဒေဆိုင်းက ရှင်းပြသည်။

သွေးတိုးရောဂါကို ဖော်ထုတ်နိုင်ရန် အက်ပဲလ်အနေဖြင့် နှစ်ပေါင်းများစွာ စိတ်ဝင်စားခဲ့သည်ဟု ၎င်းက ထုတ်ဖော်ပြောကြားသည်။

ကမ္ဘာတစ်ဝန်းတွင် လူဦးရေ တစ်ဘီလီယံကျော်၌ သွေးတိုးရောဂါ စွဲကပ်နေပြီး လူကြီးများ၏ ထက်ဝက်ခန့်မှာ ရောဂါရှာဖွေမတွေ့ရှိဘဲ သွေးတိုးနေကြသည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် သွေးပေါင်ချိန်တိုင်းစက်သည် ဆရာဝန်ရုံးခန်းများတွင်သာ တွေ့ရလေ့ရှိသောကြောင့်ဖြစ်ကြောင်း သိရသည်။

**Mon**

## အာဖရိက၌ မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၉၀၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၂၀၀၀ နီးပါးရှိ

**အဒစ်အဘာဘာ စက်တင်ဘာ ၂၀**

၂၀၂၄ ခုနှစ် အစပိုင်းမှစတင်၍ အာဖရိကတွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူဦးရေမှာ ၁၉၀၀၀၀ ကျော်ရှိပြီး သေဆုံးသူဦးရေမှာ ၂၀၀၀ နီးပါးရှိသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက စက်တင်ဘာ ၁၈ ရက်တွင် ပြောသည်။

### အာဖရိက ၂၉ နိုင်ငံ

၂၀၂၄ ခုနှစ် ဇန်နဝါရီလအစောပိုင်းမှစတင်၍ မျောက်ကျောက်ရောဂါဖြစ်ပွားနေသည့် အာဖရိက ၂၉ နိုင်ငံတွင် မျောက်ကျောက်ရောဂါ ဖြစ်ပွားသူပေါင်း ၁၉၁၅၅၉ ဦးရှိပြီး သေဆုံးသူ ၁၉၉၉ ဦးရှိသည်ဟု အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ မျောက်ကျောက်ရောဂါဆိုင်ရာ ဒုတိယမန်နေဂျာ Yap Boum II က အွန်လိုင်းသတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

### လူနာဦးရေကျဆင်းလာ

မျောက်ကျောက်ရောဂါတိုက်ဖျက်ရေး တုံ့ပြန်မှုများကြောင့် လွန်ခဲ့သည့် သီတင်းပတ်များအတွင်း အတည်ပြုလူနာနှင့် သံသယရှိလူနာဦးရေ ကျဆင်းလာသည်ဟု ၎င်းကဆက်လက်ပြောသည်။

### ဆေးစစ်မှုတိုးမြှင့်လုပ်နိုင်

အပတ်စဉ် အတည်ပြုလူနာဦးရေမှာ ဆေးစစ်မှုများ တိုးမြှင့်လုပ်ဆောင်လာနိုင်မှုနှင့်အတူ ၇၀ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ဟု အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

### အီဘိုလာကြောင့် သေဆုံးသူ

ထိုစဉ် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာရောဂါဖြစ်ပွားမှုကိုနှိမ်နင်းရန် ရပ်ရွာအခြေပြုစောင့်ကြည့်ရေးစနစ်များ အားကောင်းလာစေရန်လည်း အေဂျင်စီက တိုက်တွန်းခဲ့သည်။



ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ အီဘိုလာကြောင့် သေဆုံးသူ ၃၁ ဦးခန့်ရှိသည်ဟု စက်တင်ဘာ ၁၈ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

အီဘိုလာသည် ကူးစက်မှုအလွန်လျင်မြန်ပြီး ဖျားနာခြင်း၊ အော့အန်ခြင်း၊ ဝမ်းသွားခြင်း၊ ကိုယ်လက်နာကျင်ကိုက်ခဲခြင်း၊ အချို့သောဖြစ်ရပ်များတွင် အတွင်းပိုင်းသွေးယိုစိမ့်မှုဖြစ်စေနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ပြောသည်။

ဆင်ဟွာ

# ပြည်အကျဉ်းထောင်ရှိ အကျဉ်းသားများသည် အပုပ်နံ့ထွက်နေသည့် ရေကိုသာ သောက်နေရကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားဖော်ပြ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်အကျဉ်းထောင်ရှိ အကျဉ်းသားများသည် အပုပ်နံ့ထွက်နေသည့် ရေကိုသာ သောက်နေရကြောင်း Myanmar Pressphoto Agency သတင်းဌာနက မဟုတ်မမှန် စွပ်စွဲရေးသား ဖော်ပြခဲ့သည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ပြည်အကျဉ်းထောင်ရှိ ရေသန့်စက်ရုံသည် ၂၀၁၄ ခုနှစ်က စတင်ဆောက်လုပ်အသုံးပြုခဲ့ပြီး နှစ်စဉ် နားလည်တတ်ကျွမ်းသူများနှင့်စစ်ဆေး၍ လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၉ ရက်က နောက်ဆုံးအကြိမ် ပြင်ဆင်ခဲ့ကြောင်း၊ အဆိုပါ ရေသန့်စက်ရုံမှ ထွက်ရှိလာသော သောက်ရေသန့်များကို ဓာတ်ခွဲစစ်ဆေးရာ ရေသန့် PH Value-7.5 ရှိကြောင်း၊ ရေသန့်စက်ရုံမှထွက်ရှိသော သောက်သုံးရေများကိုနေ့စဉ် အကျဉ်းသားများ လုံလောက်စွာ သောက်သုံးနိုင်သည့်အပြင် ဝန်ထမ်းနှင့် မိသားစုများအတွက်ပါ လုံလောက်စွာ ပေးဝေလျက်ရှိကြောင်း သိရသည်။

**စီစဉ်ဆောင်ရွက်**

ထို့ပြင် Myanmar Pressphoto Agency သတင်းဌာနက ဖော်ပြထားသကဲ့သို့ အဝတ်စိုများ ဝတ်ဆင်ရာမှ အရေပြားရောဂါဖြစ်ပွားနေသည်ဆိုသည်မှာ မှန်ကန်မှုမရှိဘဲ အကျဉ်းသား အကျဉ်းသူများ၏ အဝတ်အစားများကို အကျဉ်းထောင်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီစစ်ထုတ်ပေးလျက်ရှိပြီး အိပ်ဆောင်တစ်ခုချင်းအလိုက် အဝတ်လှန်းစင်များ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့အတူ အကျဉ်းထောင်ဆရာဝန်က အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ ကျန်းမာရေးကို နေ့စဉ်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အကျဉ်းထောင်အတွင်း ချိုးရေကန်များ သန့်ရှင်းမှုရှိစေရန်အတွက် အိပ်ဆောင်အလိုက် ချိုးရေကန်များအတွင်း Abate Powder ဆေးမှုန့်ခတ်ခြင်းများ၊ ခြင်၊ ယင်များ ပေါက်ပွားမှုမရှိစေရန် အိပ်ဆောင်များအတွင်း ခြင်ဆေးဖျန်းခြင်းတို့ကို ကျန်းမာရေးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြည်အကျဉ်းထောင်တွင် အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများ၏ ကျန်းမာရေးကိုအလေးထား ဆောင်ရွက်လျက်ရှိပြီး ထောင်တာဝန်ခံက စနစ်တကျကွပ်ကဲ အုပ်ချုပ်လျက်ရှိသည့်အပြင် ပဲခူးတိုင်းဒေသကြီး ဦးစီးမှူးက ထပ်ဆင့်ကြပ်မတ်ကွပ်ကဲ၍ အကျဉ်းသားများ၏ ကျန်းမာရေး၊ နေထိုင်စားသောက်ရေးနှင့် လိုအပ်ချက်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့်အတွက် Myanmar Pressphoto Agency မှ ရေးသားဖော်ပြမှုသည် အကျဉ်းထောင် ဝန်ထမ်းများအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရေးသားဖော်ပြခြင်းသာဖြစ်သည်။

သစ္စာ



# လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**သရက် စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီခွဲက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ်အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေရာတွင် မိသားစု လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် ဓာတ်အားလိုင်းကြိုးများ ပြတ်ကျခြင်း၊ လျော့ကျနေခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်များ၊ သစ်ကိုင်းများ ကျိုးကျနေခြင်း၊ ဆားဗစ်ကြိုးများ လျော့ကျနေခြင်း၊ ပြတ်ကျခြင်းများဖြစ်ပါက ကိုင်တွယ်ခြင်းမပြုရဘဲ လျှပ်စစ်ရုံးသို့ အကြောင်းကြားပေးရန်နှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရန် လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်၊ ရေစိုအဝတ်အစားဝတ်လျက် ကိုင်တွယ်ခြင်းမပြုရန်နှင့် သံမံတလင်း၊ မြေပြင်ပေါ်၌ ခြောက်သွေ့သောဖိနပ်စီးထားခြင်းမရှိဘဲ ကိုင်တွယ်အသုံးမပြုရန်တို့ ပါရှိသော လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၁ ရက်တွင် တောင်တွင်းကြီးမြို့နယ်၊ ကံပေးကျေးရွာအနီး၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၂၄၂ တန်ကို သစ်တောဥပဒေအရလည်းကောင်း၊ စက်တင်ဘာ ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် အောင်လံမြို့နယ်၊ မင်းဘူးမြို့နယ်၊ ကံမမြို့နယ်၊ ချောက်မြို့နယ်နှင့် ငဖဲမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ဆိုင်ကယ် ကိုးစီးကို ပို့ကုန်၊ သွင်းကုန်ဥပဒေအရလည်းကောင်း၊ မကွေးမြို့နယ်နှင့် စလင်းမြို့နယ်တို့အတွင်း၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် ဆိုင်ကယ် သုံးစီးနှင့် ငွေစက္ကူရောရာ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၇၅၀၀ ကို လောင်းကစားဥပဒေအရလည်းကောင်း သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၄ရက်တွင် ပင်လုံ-လွိုင်လင်ကားလမ်း ပန်ဝိုးလမ်းခွဲအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း တစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

# ယာဉ်တိုက်မှုဖြစ်ပွား၊ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**တောင်ငူ စက်တင်ဘာ ၂၀**

စက်တင်ဘာ ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၌ ယာဉ်တိုက်မှု ဖြစ်ပွား၍ အမျိုးသား တစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သိရသည်။

(ယာပုံ)

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၆၆ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ကျွန်းကုန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်မှ မန္တလေးဘက်သို့ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ချမ်းမြသာစည်ရပ်ကွက်နေ ဇော်ခိုင်(၃၀)နှစ် မောင်းနှင်လာသော SGG-26/8G---- ZONE ၁၂ ဘီး ဖြူ/ပြာရောင် မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ နောက်ဘီးပေါက်၍ လမ်းဘေး၌ရပ်တန့်ထားသည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ပြည်တော်သာရပ်ကွက်နေ ဇော်ဇော်ထွေး (၂၉)နှစ် မောင်းနှင်သော YGN-9/1I---- NISSAN ခြောက်ဘီး အဖြူရောင် မော်တော်ယာဉ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဇော်ခိုင်တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး ဇော်ခိုင်အား ကျွန်းကုန်းနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ပဲကြော်လုပ်ငန်းတွင် ချပ်ဖာများ သိုလှောင်ထားရာမှ အပူအောင်းပြီး မီးလောင်မှုဖြစ်ပွား

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ သာယာအေးရပ်ကွက်၊ နယ်မြေ(၆)အနောက်၊ မြို့ရှောင်မြေနီလမ်းရှိ ပဲကြော်လုပ်ငန်းတွင် အလုံပိတ်အခန်းအတွင်း ချပ်ဖာများ သိုလှောင်ထားရာမှ အပူအောင်းပြီး မီးလောင်မှု စက်တင်ဘာ ၁၉ရက် ညနေ ၅နာရီခွဲက ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးသန်းမြင့် ဦးဆောင်၍ သနွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးသည် မီးငြှိမ်းသတ်ယာဉ်နှစ်စီး၊ မီးသတ်ရေသယ်ယာဉ်တစ်စီးဖြင့် မီးငြှိမ်းသတ်ခဲ့ကြပြီး ပေ(၅၀× ၃၀)၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက် အဆောက်အအုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ ပဲကြော်လုပ်ငန်းပိုင်ရှင် ဦး---- (၆၁)နှစ်အား ကျောက်ပန်းတောင်းမြို့မရဲစခန်းတွင် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(၀၅၇)

# လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးအရေးယူ

**ဘီးလင်း စက်တင်ဘာ ၂၀**

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး စက်တင်ဘာ ၁၆ ရက်က ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

**(ယာပုံ)**

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၆ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ချစ်ကိုကိုထွေး(၂၇)နှစ် မောင်းနှင်လာသည့် YGN-37/3H---- HONDA CRV အဖြူရောင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ချစ်ကိုကိုထွေးအား ဘီးလင်းမြို့မရဲစခန်းမှ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# ရတနာသိုက် စာကြည့်တိုက်များသို့ အလှူတော် . . . သာဓုခေါ်စို့

**စည်းကမ်းလိုက်နာ သေးကင်းကွာ** (၂၄-၈-၂၀၂၅)ရက်၊ တနင်္ဂနွေနေ့၊ နန်းတော်ရှေ့ စာပေတင်းကုပ် စာပေရေနွေးကြမ်းဝိုင်းကို (၆-၇-၂၀၂၅)ရက်၊ တနင်္ဂနွေနေ့မှ စတင်၍ အကြောင်းအကျိုး၊ အကောင်းအဆိုး အမျိုးမျိုးတို့ကြောင့် ရပ်နားထားကြောင်း စာပေတင်းကုပ်၊စာပေရေနွေး ကြမ်းဝိုင်း ဝိုင်းတော်သူ၊ ဝိုင်းတော်သားများအား (၂၉-၆-၂၀၂၅)ရက်နေ့ကတည်းက အသိပေး အကြောင်းကြားထားပါသည်။ ထိုသို့ ရပ်နားထားရခြင်းအကြောင်းရင်းမှာ စာပေတင်းကုပ် စာပေရေနွေးကြမ်းဝိုင်းရှိ အချို့သော ဝိုင်းတော်သူ၊ ဝိုင်းတော်သားများသည် သတ်မှတ်စည်းကမ်းများကို မလိုက်နာကြခြင်းကြောင့် ဖြစ်ပါသည်။

ထို့ကြောင့် (၂၄-၈-၂၀၂၅)ရက်၊ တနင်္ဂနွေနေ့တွင်လည်း စာပေတင်းကုပ် စာပေရေနွေးကြမ်းဝိုင်း မရှိပါ။ သို့သော် ထုံးစံအတိုင်း မိမိတစ်ဦးတည်း စာပေတင်းကုပ်အတွင်း ထိုင်နေစဉ်၊ ငိုင်နေစဉ် မွန်းလွဲ ၁ နာရီခန့်တွင် နံနက်ခင်း ကျုံးဘေးလမ်းလျှောက်ဖက် ဦးအောင်စိုးဦး၊ ညွှန်ကြားရေးမှူး(ငြိမ်း) လူမှုဝန်ထမ်းဦးစီးဌာနက ရုတ်တရက် ရောက်ရှိလာပါသည်။ ၎င်းနှင့်အတူ အထုပ်ကြီးတစ်ထုပ် ပါလာပါသည်။ ဆရာဦးအောင်စိုးဦးက ထိုအထုပ်ကြီးကို လက်ညှိုးထိုးပြပြီး ၎င်း၏မိတ်ဆွေ စာရေးဆရာမ "ပီအေတုတ်ကလေး" ရေးသားသော "မီးကုန်ယမ်းကုန် အချစ်တွေပုံပေးခဲ့တဲ့ တုတ်ကလေး(မေတ္တာဂေဟာ)မိသားစုနဲ့ကျွန်မ" စာအုပ်များဖြစ်ကြောင်း၊ ထိုစာအုပ်များကို စာပေတင်းကုပ် စာပေရေနွေးကြမ်းဝိုင်း ဝိုင်းတော်သူ၊ ဝိုင်းတော်သားများကို စာရေးဆရာမက မေတ္တာလက်ဆောင်ပေးလိုကြောင်း ပြောပြပါသည်။

မိမိကလည်း စာပေတင်းကုပ် စာပေရေနွေးကြမ်းဝိုင်း ဝိုင်းတော်သူ၊ ဝိုင်းတော်သားများမှာ လူဦးရေ ၅၀ ကျော်၊ ၆၀ ခန့်ရှိကြောင်း၊ ထို့အပြင် အကြောင်းအကျိုး၊ အကောင်းအဆိုး အမျိုးမျိုးတို့ကြောင့် စာပေတင်းကုပ် စာပေရေနွေးကြမ်းဝိုင်းကို ရပ်နားထားကြောင်းနှင့် သို့သော် စာရေးသူစာရေးဆရာမ၏ဆန္ဒနှင့်အညီ စာဖတ်ပရိသတ်များလက်ထဲ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိသွားစေရန် မန္တလေးမြို့ပေါ်ရှိ စာကြည့်တိုက်အချို့သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်း ဝန်ခံကတိပေးခဲ့ပါသည်။

**ပုံနှိပ်မှတ်တမ်း၊ ဂုဏ်ရိပ်ပတ်လွှမ်း**

ဆရာဦးအောင်စိုးဦး ပြန်သွားမှ ထိုစာအုပ်ကို အပြန်ပြန်အလှန်လှန် ဖတ်ရှုကြည့်မိရာ ပုံနှိပ်မှတ်တမ်းအရ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလတွင် ထုတ်ဝေသူ ဦးစည်သူဝင်း၊ ပုံနှိပ်သူ လမ်းသစ်အော့ဖ်ဆက်က အုပ်ရေ ၅၀၀ ကို တန်ဖိုးငွေကျပ် ၃၅၀၀ ဖြင့် ထုတ်ဝေခဲ့ကြောင်း သိရှိရပါသည်။ စာမျက်နှာ(၂၇၅)မျက်နှာ ပါရှိပါသည်။ ထိုစာအုပ်တွင် အခန်း(၁) ကျွန်မချစ်သောအဖေ(ဒယ်ဒီ)၊ အခန်း(၂) ကျွန်မချစ်သောမွေးမေမေ(မာမီ)၊ အခန်း(၃) ကျွန်မချစ်ရသော ကျေးသမိခင်မာမီကြီး၊ အခန်း(၄) ကျွန်မချစ်ရပါသော အရီးမာမီလေး(သို့မဟုတ်) ပညာပေးခဲ့သောမိခင်ကြီး၊ အခန်း(၅) ကျွန်မ ချစ်ရပါသော အဒေါ်အငယ်ဆုံး အန်တီအန်၊ အခန်း(၆) ကျွန်မချစ်သော အစ်မကြီး မမအေး၊ အခန်း(၇) ကျွန်မချစ်သော အစ်မလတ် မမမေ၊ အခန်း(၈) အငယ်ဆုံးဖြစ်တဲ့ ကျွန်မပဟူ၍ အခန်း (၈)ခန်းခွဲကာ မိသားစုပုံရိပ်ကို ပုံဖော်ရေးဖွဲ့ သီကုံးထားပါသည်။



ထို့အပြင် "စာရေးသူ၏ရင်တွင်းစကား" ဖြင့်လည်း သေသောသူကြာလျှင်မေ့၊ ပျောက်သောသူ ရှာလျှင်တွေ့ ဆိုပေမယ့် သေသောသူကို ကြာလေမမေ့နိုင်သည့်အပြင် ကြာလေဆွေးလေ လွမ်းမပြေအောင်ပါပဲ။ ကျေးဇူးရှင် မိဘပုံရိပ်များ၊ ကျေးဇူးရှင် အဒေါ်ကြီး ပုံရိပ်များ၊ အမိအရာနေခဲ့သော အစ်မကြီးရဲ့ ပုံရိပ်၊ သည်ပုံရိပ်များကတော့ ကျွန်မအတွက် ရင်နင့်အောင် ခံစားရပါတယ်။ သည်ဝေဒနာခံစားချက်များကတော့ ဘယ်သူမပြု မိမိမှုပေါ့။ အသက်ရလာသည်နှင့်အမျှ တရားနှင့် ဖြေပါသော်လည်း ဖြေမဆည်နိုင်တာ အမှန်ပါပဲ။ ကျွန်မ တွေးမိပါတယ်။ တရားပဲ မရတာလား၊ မရသေးတာလား။ အစွဲအလမ်းပဲ ကြီးလေရော့လား။

တစ်နေ့မှာ ကျွန်မ အတွေးတစ်ခု ဝင်လာခဲ့ပါတယ်။ ကျေးဇူးရှင်များကို မှတ်တမ်းလေးများတင်ခဲ့ရင်ဖြင့် မိမိကိုယ်တိုင်လည်း စိတ်သက်သာရာရပြီး ခွဲခွာသွားပြီဖြစ်သော ကျွန်မတို့ကို မီးကုန်ယမ်းကုန် အချစ်တွေ ပုံအောပေးခဲ့ကြတဲ့ ကျွန်မချစ်သော "တုတ်ကလေး မေတ္တာဂေဟာ" မိသားစုကြီးကို ကျေးဇူးဆပ်ရာ ရောက်လေမလားဆိုတဲ့ အတွေးတစ်ခု ဝင်လာခဲ့ပါတယ်။ (ဆရာမ ပီအေ တုတ်ကလေးသည် ထိုအတွေးဖြင့် ဤစာအုပ်ကိုရေးသားခဲ့ကြောင်း သိရှိရပါသည်။)

**ဖျတ်ခနဲတွေ့ရ ပုံရိပ်အလှ**

ဆရာမ ပီအေတုတ်ကလေး (ပက်ထရစ်ရှာ တုတ်ကလေး(ခေါ်)မတင်တင်ရွှေ)ကို ဗြိတိသျှ ပြန်ကြားရေးအရာရှိချုပ် ဦးကိုကိုကြီး (Mr.Joseph Bernard Tokegale) နှင့် ဒေါ်သီသီ (Mrs.JB Tokegale) တို့က မွေးဖွားခဲ့သော တတိယမြောက် အငယ်ဆုံးသမီးရတနာ ဖြစ်ပါသည်။ အစ်မကြီးမှာ လီယိုနက်ရီတာ တုတ်ကလေး(ခ)ဘေဘီ(ခ)မမအေး(ခ)မတင်တင်အေး ဖြစ်ပါသည်။ အစ်မလတ်မှာ ဂျိုစဖင်းအန်တုတ်ကလေး (ခ)မမမေ(ခ)မတင်တင်မေ ဖြစ်ပါသည်။

ဖခင်ဖြစ်သူ ဦးကိုကိုကြီးမှာ အသက် (၅၈)နှစ် (၂၅-၂-၁၉၆၂)ရက်နေ့၊ ညနေ ၅ နာရီတွင် ဘုရားသခင် ခရစ်တော်၏ ခေါ်တော်မူခြင်းကို ခံခဲ့ရပါသည်။ သို့သော်လည်း ကျန်ရစ်သူ ဒေါ်သီသီနှင့် သမီးများမှာ ဦးကိုကိုကြီး၏ ညီမနှင့် ညီဖြစ်ကြသော ဒေါ်မမကြီး (Ms.Katherine Tokegale)၊ ဒေါ်မမလေး (Ms.Marie Tokegale)၊ ဦးမောင်မောင်လေး (Mr.Eward Tokegale) နှင့် ဒေါ်ခင်မာရွှေ (Amme Tokegale, Mrs. Kyaw Thein) တို့၏ ထိန်းသိမ်းစောင့်ရှောက် ကူညီခဲ့မှုကြောင့် အစစအရာရာ အဆင်ပြေချောမွေ့ခဲ့ပါသည်။

**ရည်ရွယ်ရေးအပ် ကျေးဇူးဆပ်**

ဆရာမ ပီအေတုတ်ကလေးသည် မိဘနှစ်ပါးနှင့် အဒေါ်၊ ဦးလေးနှင့် အစ်မများ၏ ဆပ်၍မကုန်နိုင်သော ကျေးဇူးတရားများကို တတ်စွမ်းသမျှ ပေးဆပ်လိုသောစိတ်အဟုန်ဖြင့် ဤ "မီးကုန်ယမ်းကုန်အချစ်တွေ ပုံအောပေးခဲ့တဲ့ တုတ်ကလေး(မေတ္တာဂေဟာ)နှင့် ကျွန်မ" ဆောင်းပါးပေါင်းချုပ်စာအုပ်ကို ရေးသားပြုစုထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ထိုစာအုပ်တွင် ဆရာမပီအေ တုတ်ကလေးက "ကျွန်မရဲ့မိခင်သဖွယ် ချစ်ရပါသော အစ်မကြီး မမအေး(တင်တင်အေး (ခေါ်)လီယိုနက်ရီတာ တုတ်ကလေး)ရဲ့ စည်းကမ်းတကျ အသိမ်းအဆည်းကောင်းမှုတို့ကြောင့် ဟိုးယခင်တုန်းဆီက ပုံရိပ်များကို ဓာတ်ပုံများနှင့်တကွ ဖော်ပြနိုင်ခြင်းဖြစ်ပါတယ်။ ဤကျေးဇူးရှင် အစ်မကြီးကိုလည်း ဦးထိပ်ပန်ဆင်လျက်ပါပဲ"

"မိဘ၊ အဒေါ်များ၊ အစ်မကြီးရဲ့ လက်ဆင့်ကမ်းထိန်းသိမ်းမှုကို ပိုင်ပိုင်နိုင်နိုင် မိမိရရ ဆုပ်ကိုင်ထားပြီး ဓာတ်ပုံများနှင့်တကွ လိုအပ်သည်များကို ထုတ်ပေးနိုင်ခဲ့သော အစ်မလတ် မမမေ (တင်တင်မေ(ခေါ်)ဂျိုစဖင်းအန် တုတ်ကလေး)ရဲ့ ကျေးဇူးကလည်း နည်းနည်းနောနော မဟုတ်ပါ။

ထပ်ဆင့် ကျေးဇူးတင်စကား ဆိုချင်သူများလည်း ရှိခဲ့ကြပါတယ်။ ဤစာအုပ်ကို တည်းဖြတ်ပေးပါသော ဒေါက်တာအောင်ကြီးနှင့်ဇနီး Daw Julia တို့ရဲ့ ဦးဆောင်လမ်းညွှန်မှုကလည်း ကျေးဇူးကြီးလှပါတယ်။ အကြံကောင်းများ၊ အားပေးမှုများပေးပါသော စာရေးဆရာမ ဝင်းဝင်းမြင့် (နန်းတော်ရှေ့)အား အထူးကျေးဇူးတင်ပါတယ်" ဟု ကျေးဇူးတင်စကားများ ဆိုထားပါသည်။

စာကြည့်တိုက်များသည် စာပေပညာရှင်များ စာပေသုတေသီများ၊ စာပေဝါသနာရှင်များနှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ လာရောက်ကြသည့် ရတနာသိုက်များ ဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ စာပေအကျိုးဆောင် မိမိကလည်း စာရေးဆရာမ ပီအေတုတ်ကလေး၏ ဆန္ဒနှင့်အညီ စာဖတ်ပရိသတ်များ လက်ထဲသို့ ကျယ်ကျယ်ပြန့်ပြန့် ရောက်ရှိစေရန် ထိုဆောင်းပါးပေါင်းချုပ်စာအုပ်များကို ပုသိမ်ကြီးမြို့ မြို့မစာကြည့်တိုက်၊ ပုသိမ်ကြီးမြို့ ဘဝအသိစာကြည့်တိုက်၊ မန္တလေးမြို့ ရွှေဥဒေါင်း မီးရထားစာကြည့်တိုက်၊ မန္တလေးမြို့ အလင်းရောင် စာကြည့်တိုက်များနှင့် မန္တလေးတိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်များ(လက်လှမ်းမီသမျှအချို့)သို့ လှူဒါန်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

**စာကြည့်တိုက်များသည် စာပေပညာရှင်များ စာပေသုတေသီများ၊ စာပေဝါသနာရှင်များနှင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ လာရောက်ကြသည့် ရတနာသိုက်များ ဖြစ်ကြပါသည်။**




**အောင်တင်ဝင်း**
**(ငါ့သရောက်)**



# နိုင်ငံတကာ အားကစား သတင်းများ

## ယူရီဘတ်စ်ကို ခေါ်ယူရန် လီဗာပူးအသင်းစိတ်ဝင်စား

**လန်ဒန် စက်တင်ဘာ ၂၀**

လီဗာပူးအသင်းသည် အေဂျက်စ်အသင်း နောက်ခံကစားသမား ယူရီဘတ်စ်ကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အေဂျက်စ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၅ပွဲ ကစားပြီး နှစ်ဂိုး သွင်းယူထားသည်။



အေဂျက်စ်အသင်းကလည်း ယူရီဘတ်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ် ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် လီဗာပူးအသင်း အနေဖြင့် လာမည့်ဆောင်းရာသီ စျေးကွက်အတွင်းတွင် အေဂျက်စ်အသင်းထံမှ ယူရီဘတ်စ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)**

**(NGB)**

## နည်းပြ ပီရီရာ ဝုပ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် စက်တင်ဘာ ၂၀**

ဝုဖ်အသင်းသည် အသင်းနည်းပြ ပီရီရာအား သုံးနှစ် သက်တမ်းတိုး စာချုပ် ချုပ်ဆိုခဲ့သည်။

ဝုဖ်အသင်းသည် လက်ရှိအချိန် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရလဒ်များ ထင်သလောက်ကောင်းမွန်ခြင်းမရှိသော်လည်း နည်းပြ ပီရီရာအပေါ် ယုံကြည်ကာ စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုလာခြင်းဖြစ်သည်။

အဆိုပါ နည်းပြသည် ဝုဖ်အသင်းအား ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၁၉ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ပွဲ ၃၀တွင် ၁၃ပွဲနိုင်၊ လေးပွဲသရေ၊ ၁၃ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။

အသက်(၅၇)နှစ်အရွယ်ရှိ ပီရီရာက "ကျွန်တော့်ကို ယုံကြည်စွာနဲ့ စာချုပ်သက်တမ်းတိုးခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ဝုဖ်အသင်း ရလဒ်ကောင်းတွေရရှိအောင် အစွမ်းကုန် ပေးဆပ်သွားမှာပါ"ဟု ပြောသည်။ **(ယာပုံ)**

**(NGB)**



## စပိန်လက်ရွေးစင်အသင်း ကမ္ဘာ့အဆင့်(၁)နေရာသို့ ရောက်ရှိလာ

**မက်ဒရစ် စက်တင်ဘာ ၂၀**

စပိန်လက်ရွေးစင်အသင်းသည် ၂၀၁၄ခုနှစ် နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အဆင့်(၁)နေရာသို့ ပြန်လည်ရောက်ရှိလာနိုင်ခဲ့သည်။

စပိန်လက်ရွေးစင်အသင်းသည် ယခုလအတွင်း ယှဉ်ပြိုင်ကစားခဲ့သည့် ၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် တူရကီ၊ ဘူလ်ဂေးရီးယား စသည့်အသင်းများအား ဂိုးပြတ်အနိုင်ရရှိခဲ့မှုကြောင့် ကမ္ဘာ့အဆင့်(၃)နေရာမှ ကမ္ဘာ့အဆင့်(၁)နေရာသို့ ပြန်လည်တက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

ယခုလအတွင်းလက်ရွေးစင်အသင်းများ၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက်ထုတ်ပြန်ချက်တွင် စပိန်လက်ရွေးစင်အသင်းက ကမ္ဘာ့အဆင့်(၁)ဖြစ်လာခဲ့ပြီး ၄င်းနောက်တွင် ပြင်သစ်၊ အာဂျင်တီးနား၊ အင်္ဂလန်၊ ပေါ်တူဂီ၊ ဘရာဇီး၊ နယ်သာလန်၊ ဘယ်လ်ဂျီယံ၊ ခရိုအေးရှားနှင့် အီတလီတို့က အသီးသီးရပ်တည်လျက်ရှိသည်။

**(အပေါ်ပုံ)(NGB)**



## 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Silvia Ambrosio တက်ရောက်

**တူရင် စက်တင်ဘာ ၂၀**

အီတလီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ အိမ်ရှင် အီတလီတင်းနစ်မယ် Silvia Ambrosio တက်ရောက်ခဲ့သည်။

အဆိုပါ အိမ်ရှင် အီတလီ တင်းနစ်မယ် Silvia Ambrosio သည် 2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်မယ် Alice Rame ကို ၆-၄၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Lexus Tolentino Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် အိမ်ရှင် အီတလီ တင်းနစ်မယ် Silvia Ambrosio နှင့် ယူကရိန်းတင်းနစ်မယ် Oliynykova တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**(အောက်ပုံ) (NGB)**



## ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းသည် အသင်းမန်နေဂျင်းဒါရိုက်တာ ရစ်ချက်ဂါးလစ်အား အမှုဆောင်ချုပ်အဖြစ်ခန့်အပ်ခဲ့ကြောင်း အတည်ပြု ကြေညာခဲ့သည်။

* မန်ယူအသင်းသည် ကွင်းလယ်ပိုင်းအင်အားဖြည့်တင်းရန်အတွက် ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်ကစားသမား ဗယ်လ်ဗာဒီအား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။ **(NGB)**

## စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊၃၊၄ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၉-၂၀၂၅ | (၁၃)ဗယ်လက်ကာနို – ဆဲလ်တာဗီဂို(၁၄) | ဗယ်လက်ကာနို ၂–၁ ဆဲလ်တာဗီဂို | ဗယ်လက်ကာနို(အိမ်) | ၁ | – | ၁ | – | ၁ | ၁ |
| ည ၆:၃၀ နာရီ | (W,L,D,L) (L,D,D,D,D) | ဆဲလ်တာဗီဂို ၁–၂ ဗယ်လက်ကာနို | ဆဲလ်တာဗီဂို(ဝေး) | ၁ | – | ၁ | – | ၁ | ၁ |
| ၂၁-၉-၂၀၂၅ | (၁၉)မာယော့ကာ – အက်သလက်တီကို(၁၁) | မာယော့ကာ ၀–၁ အက်သလက်တီကို | မာယော့ကာ(အိမ်) | ၂ | – | ၁ | ၁ | ၁ | ၄ |
| ည ၈:၄၅ နာရီ | (L,D,L,L) (L,D,D,W) | အက်သလက်တီကို ၂–၀ မာယော့ကာ | အက်သလက်(ဝေး) | ၂ | – | ၁ | ၁ | ၂ | ၃ |
| ၂၁-၉-၂၀၂၅ | (၈)အယ်လ်ချီ – အိုဗီအေဒို(၁၆) | အယ်လ်ချီ ၄–၀ အိုဗီအေဒို | အယ်လ်ချီ(အိမ်) | ၂ | ၁ | ၁ | – | ၃ | ၁ |
| ည ၁၁:၀၀ နာရီ | (D,D,W,D) (L,L,W,L) | အိုဗီအေဒို ၁–၁ အယ်လ်ချီ | အိုဗီအေဒို(ဝေး) | ၂ | – | – | ၂ | – | ၄ |
| ၂၂-၉-၂၀၂၅ | (၂)ဘာစီလိုနာ – ဂီတာဖေး(၅) | ဘာစီလိုနာ ၁–၀ ဂီတာဖေး | ဘာစီလိုနာ(အိမ်) | ၁ | ၁ | – | – | ၆ | – |
| နံနက် ၁:၃၀ နာရီ | (W,W,D,W) (W,W,L,W) | ဂီတာဖေး ၁–၁ ဘာစီလိုနာ | ဂီတာဖေး(ဝေး) | ၃ | ၂ | – | ၁ | ၄ | ၄ |

## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊၃ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၉-၂၀၂၅ | (၁၂)လာဇီယို – ရိုးမား(၆) | လာဇီယို ၁–၁ ရိုးမား | လာဇီယို(အိမ်) | ၁ | ၁ | – | – | ၄ | – |
| ညနေ ၅:၀၀နာရီ | (L,W,L) (W,W,L) | ရိုးမား ၂–၀ လာဇီယို | ရိုးမား(ဝေး) | ၁ | ၁ | – | – | ၁ | – |
| ၂၁-၉-၂၀၂၅ | (၃)ခရီမိုနီ – ပါးမား(၁၉) | ခရီမိုနီ ၁–၂ ပါးမား | ခရီမိုနီ(အိမ်) | ၁ | ၁ | – | – | ၃ | ၂ |
| ည ၇:၃၀ နာရီ | (W,W,D) (L,D,L) | ပါးမား ၁–၁ ခရီမိုနီ | ပါးမား(ဝေး) | ၂ | – | – | ၂ | – | ၄ |
| " | (၁၀)တိုရီနို – အတ္တလန္တာ(၇) | တိုရီနို ၂–၁ အတ္တလန္တာ | တိုရီနို(အိမ်) | ၁ | – | ၁ | – | – | – |
| | (L,D,W) (D,D,W) | အတ္တလန္တာ ၁–၁ တိုရီနို | အတ္တလန္တာ(ဝေး) | ၁ | – | ၁ | – | ၁ | ၁ |
| ၂၁-၉-၂၀၂၅ | (၁၆)ဗီအိုရင်တီးနား – ကိုမို(၉) | ဗီအိုရင်တီးနား ၀–၂ ကိုမို | ဗီအိုရင်တီးနား(အိမ်) | ၁ | – | – | ၁ | ၁ | ၃ |
| ည ၁၀:၃၀ နာရီ | (D,D,L) (W,L,D) | ကိုမို ၀–၂ ဗီအိုရင်တီးနား | ကိုမို(ဝေး) | ၁ | – | – | ၁ | – | ၁ |
| ၂၂-၉-၂၀၂၅ | (၁၁)အင်တာမီလန် – ဆက်ဆူအိုလို(၁၄) | အင်တာမီလန် ၁–၂ ဆက်ဆူအိုလို | အင်တာမီလန်(အိမ်) | ၂ | ၁ | – | ၁ | ၆ | ၂ |
| နံနက် ၁:၄၅ နာရီ | (W,L,L) (L,L,W) | ဆက်ဆူအိုလို ၁–၀ အင်တာမီလန် | ဆက်ဆူအိုလို(ဝေး) | ၁ | – | – | ၁ | ၂ | ၃ |

## ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊၃ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၉-၂၀၂၅ | (၅)ဖရန့်ဖတ် – ယူနီယံဘာလင်(၁၄) | ဖရန့်ဖတ် ၁–၂ ယူနီယံဘာလင် | ဖရန့်ဖတ်(အိမ်) | ၁ | ၁ | – | – | ၄ | ၁ |
| ည ၈:၀၀ နာရီ | (W,W,L) (W,L,L) | ယူနီယံဘာလင် ၁–၁ ဖရန့်ဖတ် | ယူနီယံဘာလင်(ဝေး) | ၁ | – | – | ၁ | – | ၃ |
| ၂၁-၉-၂၀၂၅ | (၁၀)လေဗာကူဆင် – ဂလာဘတ်(၁၆) | လေဗာကူဆင် ၃–၁ ဂလာဘတ် | လေဗာကူဆင်(အိမ်) | ၂ | ၁ | – | ၁ | ၄ | ၃ |
| ည ၁၀:၀၀ နာရီ | (L,D,W) (D,L,L) | ဂလာဘတ် ၂–၃ လေဗာကူဆင် | ဂလာဘတ်(ဝေး) | ၁ | – | – | ၁ | – | ၁ |
| ၂၂-၉-၂၀၂၅ | (၂)ဒေါ့မွန် – ဝုဗ်ဘတ်(၈) | ဒေါ့မွန် ၄–၀ ဝုဗ်ဘတ် | ဒေါ့မွန်(အိမ်) | ၁ | ၁ | – | – | ၃ | – |
| နံနက် ၀၀:၀၀ နာရီ | (D,W,W) (W,D,D) | ဝုဗ်ဘတ် ၁–၃ ဒေါ့မွန် | ဝုဗ်ဘတ်(ဝေး) | ၁ | ၁ | – | – | ၃ | ၁ |

## မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄) နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊ ၂၊ ၃ ရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၁-၉-၂၀၂၅<br>တနင်္ဂနွေနေ့ | ညနေ၄:၀၀နာရီ | (၁၀)သစ္စာအားမာန် – ရန်ကုန်(၁)<br>(L,D,L) (W,W,W) | သစ္စာအားမာန် ၁–၂ ရန်ကုန်<br>ရန်ကုန် ၃–၂ သစ္စာအားမာန် |

## အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊၃၊၄ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၉-၂၀၂၅ | (၄)ဘုန်းမောက် – နယူးကာဆယ်(၁၀) | ဘုန်းမောက် ၁–၁ နယူးကာဆယ် | ဘုန်းမောက်(အိမ်) | ၂ | ၂ | – | – | ၃ | ၁ |
| ည ၇:၃၀ နာရီ | (L,W,W,W) (D,L,D,W) | နယူးကာဆယ် ၁–၄ ဘုန်းမောက် | နယူးကာဆယ်(ဝေး) | ၂ | – | ၂ | – | – | – |
| " | (၇)ဆန်းဒါးလန်း – ဗီလာ(၁၉) | ဆန်းဒါးလန်း ၀–၃ ဗီလာ | ဆန်းဒါးလန်း(အိမ်) | ၂ | ၂ | – | – | ၅ | ၁ |
| | (W,L,W,D) (D,L,L,D) | ဗီလာ ၂–၁ ဆန်းဒါးလန်း | ဗီလာ(ဝေး) | ၂ | – | ၁ | ၁ | – | ၁ |
| ၂၁-၉-၂၀၂၅ | (၂)အာဆင်နယ် – မန်စီးတီး(၈) | အာဆင်နယ် ၅–၁ မန်စီးတီး | အာဆင်နယ်(အိမ်) | ၂ | ၂ | – | – | ၈ | – |
| ည ၁၀:၀၀ နာရီ | (W,W,L,W) (W,L,L,W) | မန်စီးတီး ၂–၂ အာဆင်နယ် | မန်စီးတီး(ဝေး) | ၂ | ၁ | – | ၁ | ၅ | ၂ |

## ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၅) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပွဲစဉ် ၁၊၂၊၃၊၄ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၉-၂၀၂၅ | (၁၁)ပါရီ – စထရာဘို့(၅) | ပါရီ ၁–၁ စထရာဘို့ | ပါရီ(အိမ်) | ၁ | ၁ | – | – | ၃ | ၂ |
| ည ၇:၃၀ နာရီ | (L,L,W,W) (W,W,L,W) | စထရာဘို့ ၂–၁ ပါရီ | စထရာဘို့(ဝေး) | ၂ | ၁ | – | ၁ | ၃ | ၃ |
| ၂၁-၉-၂၀၂၅ | (၁၅)အော်ဇေး – တူးလော့(၁၀) | အော်ဇေး ၂–၂ တူးလော့ | အော်ဇေး(အိမ်) | ၂ | ၁ | – | ၁ | ၂ | ၂ |
| ည ၉:၄၅ နာရီ | (W,L,L,L) (W,W,L,L) | တူးလော့ ၂–၀ အော်ဇေး | တူးလော့(ဝေး) | ၂ | ၁ | – | ၁ | ၂ | ၂ |
| " | (၁၃)လီဟာဗာ – လိုရီယန့်(၁၆) | လီဟာဗာ ၃–၀ လိုရီယန့် | လီဟာဗာ(အိမ်) | ၂ | ၁ | – | ၁ | ၄ | ၃ |
| | (L,L,W,L) (L,W,L,L) | လိုရီယန့် ၃–၃ လီဟာဗာ | လိုရီယန့်(ဝေး) | ၂ | – | – | ၂ | – | ၅ |
| " | (၃)မိုနာကို – မက်ဇ်(၁၈) | မိုနာကို ၂–၁ မက်ဇ် | မိုနာကို(အိမ်) | ၂ | ၂ | – | – | ၆ | ၃ |
| | (W,L,W,W) (L,L,L,D) | မက်ဇ် ၂–၅ မိုနာကို | မက်ဇ်(ဝေး) | ၂ | – | – | ၂ | ၂ | ၆ |
| ၂၂-၉-၂၀၂၅ | (၇)မာဆေး – PSG(၁) | မာဆေး ၀–၃ PSG | မာဆေး(အိမ်) | ၂ | ၂ | – | – | ၉ | ၂ |
| နံနက် ၁:၄၅ နာရီ | (L,L,W,L) (W,W,W,W) | PSG ၃–၁ မာဆေး | PSG(ဝေး) | ၂ | ၂ | – | – | ၇ | ၃ |

## အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၆) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၁-၉-၂၀၂၅ | (၃)ဘရစ္စတိုး – အောက်စ်ဖို့ဒ်(၂၂) | ဘရစ္စတိုး ၂–၁ အောက်စ်ဖို့ဒ် | ဘရစ္စတိုး(အိမ်) | ၂ | ၁ | ၁ | – | ၄ | ၂ |
| ည ၈:၃၀ နာရီ | (W,D,D,W,W) (L,L,L,D,D) | အောက်စ်ဖို့ဒ် ၁–၁ ဘရစ္စတိုး | အောက်စ်ဖို့ဒ်(ဝေး) | ၂ | – | ၂ | – | ၂ | ၄ |



# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်

**မကွေး စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့တွင် ဒေသအတွင်း ငါးသယံဇာတတိုးပွားလာစေရန်၊ ငါးရိက္ခာဖူလုံမှုရှိစေရန်နှင့် ဒေသရင်းငါးမျိုးစိတ်များ မျိုးသုဉ်းပျောက်ကွယ်မှုမှ ကာကွယ်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီက နန်းထိုက်သူပဟိုတယ်အနီး ဧရာဝတီမြစ်ကမ်းနံဘေးတွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားသို့ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံ တပ်နယ်မှ အရာရှိကြီးများ၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်၍ ဧရာဝတီမြစ်အတွင်း ကြီးထွားမှုနှုန်းမြန်ဆန်သည့် ငါးသားပေါက်များဖြစ်သည့် ငါးမြစ်ချင်းကောင်ရေ နှစ်သိန်းငါးသောင်း၊ ထိုင်းငါးခုံးမကောင်ရေ တစ်သိန်းငါးသောင်း၊ စုစုပေါင်း ငါးမျိုး လေးသိန်းအား စိုက်ထည့်ခဲ့ကြသည်။

ထိုသို့ ငါးမျိုးစိုက်ထည့်ရာတွင် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် မကွေး၊ ပခုက္ကူ၊ သရက်၊ တောင်တွင်းကြီးမြို့များတွင် စိုက်ထည့်သွားမည်ဖြစ်ကြောင်း၊ မြစ်၊ ချောင်း၊ အင်းအိုင်များတွင် စိုက်ထည့်ပြီးပါကဆည်၊ တမံများအတွင်းသို့ ငါးမျိုးစုစုပေါင်း ၁၀ သိန်း စိုက်ထည့်ရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

*-*-*-*-*

# MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံ

**မိတ္ထီလာ စက်တင်ဘာ ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဦးသန်းအောင်ကျော်နှင့် မိတ္ထီလာခရိုင် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များ၊ နည်းပညာအထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံက MEVM စက်နှင့်ပတ်သက်၍ ပြည်သူများ သိရှိနားလည်ပြီး မဲပေးနိုင်ရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်း စိစစ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင် MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက ခရိုင်အတွင်း MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့များ၊နည်းပညာအထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ MEVM စက်များ ရွှေ့ပြောင်းသယ်ယူမည့်အခြေအနေများနှင့် MEVM စက်များ Install ဆောင်ရွက်မည့်အခြေအနေများကို တင်ပြခဲ့ပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနန္ဒကျော်သူနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ခရိုင်ရွေးကောက်ပွဲအရာရှိ ဒေါ်ခိုင်ခိုင်နွယ်တို့က ပထမအကြိမ်မဲစာရင်းကပ်ထားနိုင်ရေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းမှုအခြေအနေများအား တင်ပြမှုအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီးတာဝန်ခံ ဦးသန်းအောင်ကျော်က လိုအပ်သည်များ ဖြည့်စွက်ပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မန္တလေးတိုင်းဒေသကြီး တာဝန်ခံ ဦးသန်းအောင်ကျော်၊ မိတ္ထီလာခရိုင် MEVM ဆိုင်ရာကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးနန္ဒကျော်သူနှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာ၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ MEVM ဆိုင်ရာ ကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) (၄၆၉)**



# ကြံစိုက်ခင်းများအား ပျဉ်းမနားစိုက်ပျိုးရေးသုတေသန(ကြံခြံ)မှ ပညာရှင်များ ကွင်းဆင်းကြည့်ရှု

**တပ်ကုန်း စက်တင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်တွင် ၂၀၂၅-၂၀၂၆ခုနှစ် ကြံစိုက်ဧကပေါင်း ၈၉၄ဧက စိုက်ပျိုးထားလျက်ရှိရာ ပျဉ်းမနားစိုက်ပျိုးရေးသုတေသန(ကြံခြံ)မှ ခြံတာဝန်ခံ ဒေါက်တာအိအိခိုင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက ထုံးဘိုကျေးရွာ၊ ကွင်းအမှတ် (၁၃၇၂)၊ ကြံစိုက်ဧက ၁၀၀ ခန့်အား ပိုးမွှားရောဂါကျရောက်မှု ရှိ၊ မရှိအခြေအနေများအား ကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့သည်။**(ယာပုံ)**

ထိုသို့ ကြံစိုက်ခင်းများအား ကွင်းဆင်းပညာပေးဆောင်ရွက်ရာတွင် စီးပွားထိခိုက်မှုအဆင့် (Economic Threshold Level) အဆင့်ထိ ကျရောက်ခြင်းမရှိဘဲ ဖျက်ပိုးအနည်းငယ်သာ တွေ့ရှိရသည့်အတွက် ကြံစိုက်ပျိုးသည့် တောင်သူများအား ကြံရွက်ချွေခြင်း၊ ပေါင်းရှင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊ သတ်မှတ်နှုန်းထားနှင့်အညီ ပိုးသတ်ဆေးစနစ်တကျ သုံးစွဲနိုင်ရေး ကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အ-လ-က ခွဲ(၁)၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းက အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး လူငယ်ရေးရာ အသိပညာပေး နံရံကပ်စာစောင်များ၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များ၊ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်၊ စာစောင်များကို ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ) (၀၅၆)**

ဝ-ဝ-ဝ-ဝ-ဝ



# မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ငါးလအတွင်း ငါးတန်ချိန် တစ်သိန်းကျော်တင်ပို့နိုင်

**မန္တလေး စက်တင်ဘာ ၂၀**

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ငါးလတာကာလအတွင်း မြန်မာနိုင်ငံမှ ငါးများကို ပြည်ပနိုင်ငံများသို့ တန်ချိန်တစ်သိန်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ငါးလတာကာလအတွင်း ပြည်ပနိုင်ငံများသို့ ငါးတင်ပို့မှုအဖြစ် မက်ထရစ်တန် တစ်သိန်းကျော်တင်ပို့နိုင်ခဲ့ပြီးဖြစ်သည်။ **(ဝဲပုံ)**

ပြည်ပနိုင်ငံများသို့ ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းမှ ငါးမက်ထရစ်တန်ငါးသောင်းကျော်၊ နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ ငါးသောင်းကျော်တင်ပို့နိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ငါး၊ ပုစွန်အပါအဝင် ရေထွက်ကုန်များကို ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ တရုတ်နိုင်ငံ အပါအဝင် နိုင်ငံပေါင်း လေးဆယ်ကျော်သို့ တင်ပို့ရောင်းချလျက်ရှိသည်။

မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံအသီးသီးသို့ ငါးအပါအဝင် အခြားသော ရေထွက်ကုန်ပစ္စည်းများကိုလည်း တင်ပို့လျက်ရှိပြီး ယခုဘဏ္ဍာနှစ်ငါးလတာကာလအတွင်း စုစုပေါင်းရေထွက်ကုန်တင်ပို့မှုမှာ မက်ထရစ်တန်တစ်သိန်းခွဲခန့်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၈)**

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲကျင်းပ



**တောင်ကြီး စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ သစ်တောရပ်ကွက်ရှိ ပြည်နယ်အားကစားကွင်း၌ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၂ နာရီက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ၂၀၂၅-၂၀၂၆ပညာသင်နှစ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အခြေခံပညာ ကျောင်းသား အားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသူများက Fitness Exercise လေ့ကျင့်ခန်းများဖြင့် သရုပ်ပြသပြီး တောင်ကြီးမြို့ပေါ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသူလေးများက အေရိုးဗစ်အကဖြင့် သရုပ်ပြသသည်။ (ဝဲပုံ)

ဆက်လက်၍ အားကစားပြိုင်ပွဲများကို ကျင်းပရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ အဆိုပါ အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် အားကစားနည်း ခုနစ်မျိုးကို ခရိုင် လေးခရိုင်မှ ကျောင်းသား၊ ကျောင်းသူများက စက်တင်ဘာ ၁၉ ရက်အထိ ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ (၃၆၈)

# သမဝါယမအသင်းသား တောင်သူများ၏ မိုးစပါးစိုက်ပျိုးမှုများအား ကွင်းဆင်းကြည့်ရှု

**ဥတ္တရသီရိ စက်တင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဆုယဉ်မြင့်နှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၁၉ ရက် နံနက် ၈ နာရီက ဥတ္တရသီရိမြို့နယ်၊ ဝက်စုကျေးရွာ ဝက်စုလယ်ယာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းသား ဒေါ်မာလွင်၏ မိုး စပါးစိုက်ဧက သုံးဧကတွင် ထိုင်းနံ့ကောက်မျိုးစပါး စိုက်ပျိုးထားရှိမှုနှင့် ကောက်ပင်ကျဲသည့်နေရာများတွင် ပြန်လည်စိုက်ပျိုးနေမှုများကိုလည်းကောင်း၊ မင်းကုန်းကျေးရွာ၊ မင်းကုန်းစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းသား ဦးအောင်မြင့်သန်း၏ အောင်နိုင်တိုး စပါးမျိုးစိုက်ခင်းတွင် အသီးအားတိုးဆေးများ ပက်ဖျန်းနေမှုများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုခဲ့သည်။ (အောက်ပုံ)

ကွင်းဆင်းကြည့်ရှုစဉ် နေပြည်တော်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးက ယခုနှစ်မိုးစပါးစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မိုးစပါးစိုက်ပျိုးဧကအားလုံး ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီအောင် "မျိုး၊ မြေ၊ ရေ၊ နည်း" မှန်ကန်မှုရှိစေရေးအတွက် မြို့နယ်ဦးစီးဌာနမှ စဉ်ဆက်မပြတ် ကြီးကြပ်ဆောင်ရွက်ရန်လိုကြောင်း၊ အသင်းသားတောင်သူများကလည်း မိမိတို့၏ စိုက်ခင်းများ ယခင်နှစ်များထက် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်လာစေရန် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ အဖျက်ပိုးမွှားများအန္တရာယ်များမှ ကာကွယ်နိုင်စေရေးအတွက် ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများနှင့် စပါးများအထွက်နှုန်းတိုးစေရန် အသီးအားတိုးဆေး၊ မြေသြဇာစသည်များကို နည်းစနစ်မှန်ကန်စွာဖြင့် စံချိန်စံနှုန်းများအတိုင်း အသုံးပြုရန်လိုအပ်ကြောင်းနှင့် မြို့နယ်ဦးစီးဌာနအနေဖြင့် မိမိဒေသအတွင်းရှိ မိုးစပါးစိုက်ခင်းများအား စဉ်ဆက်မပြတ်ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးဌာနမှ မြို့မဈေးတွင် အုတ်စီရေမြောင်းဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်စည်ပင်သာယာရေးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆီဆိုင်မြို့၊ အောင်သပြေရပ်ကွက်၊ မြို့မဈေး(တောင်ဘက်) သစ္စာလမ်းတွင် အုတ်စီရေမြောင်း ဆောင်ရွက်လျက်ရှိသည်။



ထို့သို့ အုတ်စီရေမြောင်းတွင် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမောင်မောင်မြင့်နှင့် ဝန်ထမ်းများက ကြီးကြပ်၍ မြို့ပေါ်ရပ်ကွက်များနှင့် မြို့မဈေးတွင် ရေစီးရေလာကောင်းမွန်စေရန်အတွက် အောင်သပြေရပ်ကွက်၊ မြို့မဈေး(တောင်ဘက်) သစ္စာလမ်းတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၂၃ သန်းဖြင့် အရှည် ပေ ၂၉၀၊ အကျယ် ၂ ပေ ၆ လက်မ၊ အမြင့် ၃ ပေ ရေမြောင်းအား အုတ်စီရေမြောင်း ပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းများ ၆၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ (ဝဲပုံ)(၃၆၈)



# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို မြို့နယ်အဆင့်ပြိုင်ပွဲများ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊အ-ထ-က(၃၀)တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်(အကြို) မြို့နယ်အဆင့် ပြိုင်ပွဲများ ကျင်းပခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက အောင်ဆန်းခန်းမ၌ ကျင်းပရာ ချမ်းမြသာစည်မြို့နယ် ဒုတိယမြို့နယ်ပညာရေးမှူး ဦးရေခဲက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြိုင်ပွဲအမှတ်ပေး စည်းမျဉ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျပန်းစကားပြောပြိုင်ပွဲတွင် ၁၀ ဦး၊ ကဗျာရွတ်ပြိုင်ပွဲတွင် ၁၆ ဦး၊ ပုံပြင်ပြောပြိုင်ပွဲတွင် ၁၆ ဦး၊ စုစုပေါင်း ၄၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါ မြို့နယ်အဆင့် ပြိုင်ပွဲများတွင် ရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူများသည် ခရိုင်အဆင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်တွင် ဆက်လက်ယှဉ်ပြိုင်သွားရမည်ဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါမြို့နယ်အဆင့်ပြိုင်ပွဲများသို့ ဒုတိယမြို့နယ်ပညာရေးမှူး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မန္တလေးခရိုင် ဦးစီးအရာရှိ ဒေါ်ခင်စောလွင်၊ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်စိမ်းဝင်းနှင့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ချမ်းမြေ့(ချမ်း/စည်)**

# ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မြစ်သား စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် သာလွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦး၊ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ သာလွန်ကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည် ဆောက်ခြင်းနှင့် အရှည်ပေ ၉၀၀၀၊ နှစ်လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ (အောက်ပုံ)

သာလွန်ကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေ အဆင်ပြေစေရေးအတွက် ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် အရှည်ပေ ၉၀၀၀၊ နှစ်လက်မ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၆ ဒသမ ၇၀၅ သန်းဖြင့် ဌာနမှ တာဝန်ယူ၍ ယခုနှစ် ဇွန်လပထမပတ်မှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ကျောက်ဆည်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးက ပြောသည်။

(၄၄၅)

၀-၀-၀-၀-၀



# နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း

သွယ်အောင်

ကျွန်တော် ပန်းချီရေးဆွဲနည်းသင်ပေးရသော ကိုယ်ပိုင်အထက်တန်းကျောင်းသည် သူငယ်ချင်း ပန်းချီဆရာ၊ စာရေးဆရာ နေမျိုး၏ အိမ်နှင့် မနီးမဝေးနေရာတွင် တည်ရှိသည်။ ထိုစာသင်ကျောင်းသို့ ကျွန်တော် အလုပ်သွား၊ အလုပ်ပြန် နေမျိုး၏ အိမ်ရှေ့မှ မလွဲမသွေ ဖြတ်သန်းရသည်။

ကျွန်တော်က အသွား၊ အပြန် သူ၏ 'အနုပညာကြေးရုပ်မြို့တော်' ဆိုင်ကလေး(အိမ်နှင့်တွဲဖွင့်ထား)သို့ လမ်းပေါ်မှ လှမ်းကြည့်ဖြစ်သည်။ ဆိုင်တံခါးက အမြဲနီးပါး ပိတ်ထားသည်ကို တွေ့မြင်ရပြီး တစ်ခါတစ်ရံမှသာ ဆိုင်ဖွင့်သည့်ရက်ကို ကြုံတွေ့ရသည်။ ထိုအခါ သူက ဆိုင်ကလေးထဲရှိ စားပွဲဝိုင်းလေးဖြင့် ငုတ်တုတ်ထိုင်ပြီး စာရေးနေသည် (သို့မဟုတ်) ပန်းချီဆွဲနေသည်ကို လှမ်းမြင်နေရသည်။

တစ်ရက်တွင် ကျွန်တော် ကျောင်းထမင်းစားနားချိန် ၁၂ နာရီကျော်ကျော်လောက် သူ့အိမ်သို့ လမ်းလျှောက်သွားပြီး စကားအချို့ ပြောဆိုဖြစ်လေသည်။ ကျွန်တော် ကျောင်းသား၊ ကျောင်းသူကလေးများအား ပန်းချီရေးဆွဲနည်း သင်ကြားမှုဝေပေးနေသည်ကို သိရှိရသည့်အတွက် ဝမ်းသာအားရ ကြိုဆိုအားပေးလေသည်။

ဆရာနေမျိုးမှာ ပြီးခဲ့သည့် ဩဂုတ် ၂၃ ရက်မှ ၂၇ ရက်အထိ (Just Love Me A Little) 'နည်းနည်းလောက်ချစ်ပါ' အမည်ရှိ တစ်ကိုယ်တော် ပန်းချီပြပွဲကို ရန်ကုန်မြို့၌ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ထိုပြပွဲအတွေ့အကြုံအချို့ကို ကျွန်တော့်အား ပြောပြသည်။ ပန်းချီပြပွဲအကြောင်း၊ ပန်းချီဆေး၊ ပန်းချီစာရွက်များအကြောင်း ပြောဆိုရင်း စက်တင်ဘာလထဲတွင် ထွက်ရှိလာသော သူ၏ စာအုပ်တစ်အုပ်ကို အမှတ်တရလက်မှတ်ရေးထိုးပြီး ကျွန်တော့်ကို ပေးပါသည်။

စာအုပ်မှာ စာရိပ်မြိုင်စာပေမှ ထွက်ရှိသော 'နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း' စာအုပ်ဖြစ်သည်။ မျက်နှာဖုံးပန်းချီကို သူကိုယ်တိုင် ရေးဆွဲထားပြီး စာမျက်နှာ(၁၂၈)မျက်နှာရှိ မထူ၊ မပါး စာအုပ်ဖြစ်သည်။

ထိုစာအုပ်ရရချင်း တစ်ထိုင်တည်း အပြီး ဖတ်ကြည့်မိသည်။ ကဗျာဆိုင်ရာ အကြောင်းအရာအစုံကို သူ၏ ဆရာနှင့် စကားပြောခန်း ပုံသဏ္ဌာန်ဖြင့် ရေးဖွဲ့ထားသည့် အတွေ့အကြုံ ဆောင်းပါးစာအုပ်ဖြစ်သည်။ ဆောင်းပါးပုဒ်ရေ (၂၀)ကို စုစည်းထားသည်။







သူ၏ အမှာစာကြောင့်လည်း စာအုပ်ကို တစ်ရက်နှင့် အပြီးဖတ်ဖြစ်သွားသည်ဟု ဆိုရပေမည်။ အမှာစာကို ဖတ်ကြည့်လိုက်ပါဦး။

'ကျွန်တော် ဒီစာအုပ်ကလေး ရေးဖြစ်ပုံကို ပြောပြလိုပါတယ်။ ကဗျာနဲ့ ကျွန်တော့်ဘဝကို ဖော်ပြလိုရင်းရှိပြီး အချို၊ အချ စကားပြောဟန်ကို အဓိက အသုံးပြုထားပါတယ်။ မူလစတင်ရေးခဲ့တာက Daily Eleven သတင်းစာမှာပါ။ တစ်ကနေ ၂၀ အထိ ရေးခဲ့တာပါ။ ဒီစာအုပ်ထဲမှာ တစ်ကြိမ်တစ်ခါမျှ ပုံနှိပ်ဖော်ပြခြင်းမရှိခဲ့တဲ့ ကဗျာအချို့အကြောင်းကိုလည်း ထည့်သွင်းပြောဆိုကြပုံတွေ တွေ့နိုင်မှာ ဖြစ်ပါတယ်။

ကဗျာအကြောင်းကို ရင်းရင်းနှီးနှီး ပွင့်ပွင့်လင်းလင်း ပြောဆိုကြတာတွေ ဖတ်ရှုနိုင်မှာ ဖြစ်ပါတယ်။ တကယ်တော့ ကဗျာဟာ မွှမ်းရင် မွှမ်းသလောက် ကိန်းခန်းကြီးလှပါတယ်။ ချဲ့ရင် ချဲ့သလောက် နယ်ပယ်ကျယ်ဝန်းလှပါတယ်။ ချုံ့ရင် ချုံ့သလောက် အနှစ်ပြည့်ပါတယ်။ ကဗျာကောင်း တစ်ပုဒ်နဲ့ မြိန်ရှက်ရတာ အရသာတွေ့ရတာကို အရိပ်အမြွက် ဖော်ပြနိုင်ခဲ့ပြီး ဒီစာအုပ်ရဲ့ အနှစ်ချုပ်ကတော့ နေမျိုးတစ်ယောက် ကဗျာကို ဘရိတ်အုပ်လိုက်ခြင်းပဲ ဖြစ်ပါတယ်။

ကဗျာနဲ့ ကဗျာဆိုင်ရာ အယူအဆတွေ ကြုံဆချက် အသစ်အဆန်းတွေဟာ အရှိန်အဟုန်နဲ့ ပြေးနေကြချိန်မှာ နေမျိုးက ကဗျာကို ဘရိတ်အုပ်လိုက်တာပါ။ ခေတ်ပေါ်ကဗျာနေရာကလေးမှာ ရပ်ဆိုင်းလိုက်တာ ဖြစ်ပါတယ်။ မြန်မာကဗျာ ဖြစ်ပေါ်ပြောင်းလဲမှုမှာ အသစ်ဖန်တီးမှုတွေကို မငြင်းပယ်ပါ။ ကျွန်တော်ချစ်တဲ့ ခေတ်ပေါ်ကဗျာနေရာကလေးမှာ ဘရိတ်အုပ်လိုက်တာ ဖြစ်ပါတယ်။

**'ကဗျာနှင့် ရေစက်ဆုံတွေ့နိုင်ကြပါစေ'**

**(နေမျိုး အမှာစာမှ-)**

ဆရာနေမျိုး၏ အမှာစာဖော်ပြချက် မှန်၊ မမှန် 'နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း' အချို့ကို ဖော်ပြပေးလိုက်ပါသည်။

**နေမျိုး**။ ။ သုံးကြောင်းကဗျာက ဘယ်အချိန်မှာ စတင်ပေါ်ပေါက်လာတာလဲ ဆရာ၊ ဘယ်လိုကြောင့် ပေါ်ပေါက်လာခဲ့တာလဲ သိသမျှ ပြောပြပါ။

**ဆရာ**။ ။ သုံးကြောင်းကဗျာက ခေတ်စမ်းကဗျာဆရာတွေ ရေးနေကြပြီဖြစ်လို့ ခေတ်စမ်းခေတ်မှာ ရှိနေပြီဆိုတာ တွေ့နိုင်တယ်။ ဒီ့ထက် စောတဲ့ခေတ်တွေမှာ ဧကပိုဒ်ရတု၊ အဖြည့်ခံရတုနဲ့ ပိုဒ်စုံရတုတွေ ရှိနေကြပြီး ဧကပိုဒ်ရတုက တစ်ပိုဒ်ထဲသာ ပါရှိတာကြောင့် တိုတိုကျဉ်းကျဉ်း အရေးအဖွဲ့လို့ ပြောနိုင်တယ်။ သုံးကြောင်းကဗျာရယ်လို့ မပေါ်ပေါက်သေးမီ ကနဦး တိုတောင်းကျစ်လျစ်တဲ့ အရေးအဖွဲ့လို့ ပြောရမှာပါပဲ။

**နေမျိုး**။ ။ ဧကပိုဒ်ရတုကို သုံးကြောင်းကဗျာရဲ့ ရှေ့ပြေးလို့ ပြောနိုင်သလား ဆရာ။

**ဆရာ**။ ။ ဒါက အငြင်းပွားဖွယ်ရှိတယ်။ ပုံသဏ္ဌာန်အရ ဧကပိုဒ်ရတုနဲ့ သုံးကြောင်းကဗျာက သိသာစွာ ကွဲပြားနေသောကြောင့် ခုနက မင်းပြောသလို ဧကပိုဒ်ရတုက သုံးကြောင်းကဗျာရဲ့ ရှေ့ပြေးလို့ မဆိုနိုင်ဘူး။

**နေမျိုး**။ ။ ဒါဆို ဘယ်လိုကြောင့် သုံးကြောင်းကဗျာ ပေါ်ပေါက်လာရတာလဲ ဆရာ။

**ဆရာ**။ ။ ငါစဉ်းစားမိသမျှနဲ့ ငါ့အထင်ကို ပြောရရင် မဂ္ဂဇင်းတွေမှာ ဖောင်ဖြည့်စာမူဆိုတာ ရှိခဲ့တယ်။ မဂ္ဂဇင်းစာဖောင်မှာ တစ်ကော်လံ၊ ဒါမှမဟုတ် ကော်လံဝက်၊ အဲ့ဒီထက်သေးငယ်တဲ့ ဧရိယာငယ်ကလေး ကော်လံတစ်စိတ်အောက်မျှသော နေရာကလေးတွေမှာ စာမူဖြည့်ဖို့လိုရင် နိုင်ငံတကာ စာရေးဆရာကြီးတွေရဲ့ အဆိုအမိန့်၊ မှတ်ချက်စကားကို ချိန်ညှိဖော်ပြပေးတတ်သလို အဲ့ဒီခေတ် အယ်ဒီတာတွေက သူတို့ဝမ်းစာနဲ့ လိုနေတဲ့နေရာကို ဖြည့်ရေးပေးနိုင်ခဲ့ကြတယ်။ ဆရာတင့်တယ်က အဲ့ဒီနေရာမှာ သိပ်ကို လက်စလက်နကောင်းကောင်းနဲ့ ဖြည့်ရေးပေးလေ့ရှိတယ်လို့ သိရတယ်။ တိုတိုကျဉ်းကျဉ်းနေရာကလေးမှာ သုံးကြောင်းကဗျာလို စာကြောင်းရေ အနည်းငယ်သာပါတဲ့ ကဗျာတိုကလေးတွေကို ဖောင်ဖြည့်အဖြစ် သုံးခဲ့ကြရာကနေ သုံးကြောင်းကဗျာခေလ့ ပေါ်ပေါက်လာခဲ့တယ်ဆိုရင် ရမလားပဲ။

ကဗျာအကြောင်းကို အဓိကထား ဆွေးနွေးသော ဆောင်းပါးများဖြစ်၍ မြန်မာစာပေလောကအတွက် တန်ဖိုးရှိသောစာအုပ်အဖြစ် မြင်မိပြီး စိတ်ဝင်စားဖို့ကောင်းပါသည်။ ဆရာနေမျိုးသည် ပြီးခဲ့သည့်နှစ်က 'အမျိုးသားစာပေဆု'ကို ပူပူနွေးနွေး ရရှိထားသည့် စာရေးဆရာတစ်ဦးလည်း ဖြစ်သည်။ ထို့ကြောင့် ကဗျာအကြောင်း လေ့လာသိရှိလိုပါက ဤစာအုပ် **'နေမျိုးနှင့် သူ၏ဆရာ စကားပြောခြင်း'**ကို ဖတ်ကြည့်ဖြစ်အောင် ဖတ်ကြည့်ပါဟု ညွှန်းဆိုလိုက်ပါရစေ .....။ ။

## စစ်ကိုင်းမြို့နယ်၊ ဆင်တပ်ကျေးရွာတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုသင်တန်းဆင်းပွဲ ကျင်းပ

**စစ်ကိုင်း စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ လုပ်ကိုင်နိုင်စေရန်နှင့်အသေးစား စီးပွားရေးလုပ်ငန်းများ ကိုယ်ပိုင်လုပ်ကိုင်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှု သင်တန်းဆင်းပွဲကို စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ဆင်တပ်ကျေးရွာ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။**(ယာပုံ)**

အခမ်းအနား၌ စစ်ကိုင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ယဉ်ယဉ်ချိုက သင်တန်းဆင်းအမှာစကားနှင့် မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွယ်က သင်တန်းသားများအနေဖြင့် သင်တန်းမှ ရရှိသော အတတ်ပညာများကို ပြန်လည်အသုံးချစေလိုကြောင်း၊ တတ်မြောက်ထားသော ပညာရပ်များဖြင့် လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချစေလိုကြောင်း ပြောကြားပြီးနောက် သင်တန်းကာလ ပြီးမြောက်အောင် တက်ရောက်ခဲ့သော သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ထုတ်လုပ်မှုသင်တန်းကို ငါးရက် စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)



## စာဖတ်ရှိန်မြှင့်တင်ရေးနေ့(အကြို) လူငယ်စာဖတ်ဝိုင်း ဆွေးနွေးပွဲကျင်းပ



**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ၂၀၂၅-၂၀၂၆ပညာသင်နှစ်၊ အခြေခံပညာ အ.ထ.က (၂၇)ကျောင်းတွင် ယမန်နေ့ မွန်းလွဲ ၁နာရီက စာဖတ်ရှိန်မြှင့်တင်ရေးနေ့(အကြို) လူငယ်စာဖတ်ဝိုင်းဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်နေ့ စာဖတ်ဝိုင်းတွင် ပြောကြားရမည့်အကြောင်းအရာများ၊ ကိုယ်တိုင်ဆွေးနွေးပြောကြားရမည့် ခေါင်းစဉ်များအား စာဖတ်ဝိုင်းတွင် ပါဝင်သည့် ကျောင်းသား၊ ကျောင်းသူများကို ရွေးချယ်စေကာ လိုအပ်သည်များကို မှာကြားခဲ့သည်။ ဆက်လက်ပြီး စာဖတ်ဝိုင်းတွင် စာရေးဆရာမောင်မင်းစိုးရေးသားထားသော 'လူငယ်နှင့်ပရဟိတ' စာအုပ်မှ အကြောင်းအရာများ အနက် ကျောင်းသား၊ ကျောင်းသူ တစ်ဦးလျှင် ခေါင်းစဉ်(၃)ခုစီဖြင့် ဆွေးနွေးသွားမည်ဖြစ်ပြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ အ-ထ က(၂၇)ကျောင်း မှ Grade-11 ကျောင်းသား မောင်ကျော်ဇင်သန့်က လူငယ်နှင့် ပွင့်လင်းမြင်သာမှုခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်နှင့် အလုပ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လူငယ်နှင့်အသိ စိတ်ဓာတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အ-ထ-က(၃၁)ကျောင်းမှ Grade-10 ကျောင်းသား မောင်ထူးအောင်ကောင်းက လူငယ်နှင့် မြင့်မြတ်နှလုံးသားခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်နှင့် တာဝန်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်နှင့်အမျိုးသားရေး စိတ်ဓာတ်ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အ-ထ-က(ခွဲ) ၂၅ကျောင်းမှ Grade-11၊ ကျောင်းသူ မကေကေခိုင်စိုးက လူငယ်နှင့်ညီညွတ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်နှင့်သူငယ်ချင်းစိတ်ဓာတ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ လူငယ်နှင့်အာခံခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အ-ထ-က(ခွဲ)၅ကျောင်းမှ Grade -11 ကျောင်းသူ မအိသန္တာကျော်က လူငယ်နှင့်လူကြီး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်နှင့် အပေးအယူခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်နှင့်အယုံလွယ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း စာဖတ်ဝိုင်းဆွေးနွေးလေ့ကျင့်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**ဇင်မင်းမောင်**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မြန္မာလေး

## ခင်စရာက ကင်းရွာ

* စားပွဲပေါ်မှာ ဟင်းအထိုထို
အစိုအခြောက်စုံပါဘိ
ငါးပိချက်လည်းပါ
တို့စရာလည်းပါ
တို့ရွာကို မင်းအလည်လာတော့
ကင်းရွာကို သတိရတာရှိ ။

* စားပွဲပေါ်မှာ ထမင်းပွဲအပို
စားလိုသူ ခေါ်ပါအမိ
ထိစရာ ဝက်သနီအိအိလည်းပါ
ပဲတီချဉ်နှင့် အစပ်ကျော်က ထိ
ပဲနပ်အဖော် ဟင်းအရည်ပါတော့
ထမင်းအပိုပါယူရတာရှိ ။

* ကင်းရွာက စကားချို
ကြွားစရာဆိုတာ မသိ
အရှိက ရိုးသားစွာ
ပကတိက ခင်စရာအတိ
ဒီရွာမှာ လူ့အလှူစုံတော့
ကြုံလာရင် ဝင်လာတာရှိ ။

* ကင်းရွာက ဇနပုဒ်
အဟုတ်ပင် စေတနာက ထူး
ဒီရွာမှာ ဆရာလုပ်တော့
အလုဝေဖြာ ရန့်တွေက ဖူး
နှစ်ကူးလည်းပဲ
စိတ်ထားကမပြောင်းဘူး ။

* ခင်စရာ ဒီကင်းရွာ
စာဖတ်သူ အလွန်ပေါ
ဒီရွာ နားမျက်စိအလင်းဖွင့်တော့
ရွာအကျိုးက သာသည့်သဘော
နှိုင်းပြစရာ "အလိမ္မာ စာမှာရှိ"
သူသူငါငါ ပျူငှာစွာ စောကြော...၏ ။ ။

**အိုးဝေ(မြေနီကျင်း)**

## အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းတွင် ပန်းချီလူရွေးချယ်ပြိုင်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

ကျောင်းသားလူငယ်များ အသိပညာဖွံ့ဖြိုးစေရန်၊ ဗလငါးတန်ပြည့်စုံစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်သို့ သွားရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် မြို့နယ်အဆင့် ပန်းချီလူရွေးချယ်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မြို့နယ်အဆင့် လူရွေးချယ်ပြိုင်ပွဲများကို မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်က ဦးဆောင်၍ ကျင်းပခဲ့သည်။

မြို့နယ်အဆင့် ပန်းချီပြိုင်ပွဲကျင်းပခဲ့ရာ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ကျောင်းသူ ၃၄ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၄၁ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**(အပေါ်ယာပုံ)**
**ချမ်းမြေ့မောင်**

*-*-*-*-*-*



## ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**ဇမ္ဗူသီရိ စက်တင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်သူလက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံးတွင် အခမဲ့ငှားရမ်းပေးခဲ့သည်။

ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများအလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်စေရေး၊ စာပေမှရရှိသည့် အသိပညာဗဟုသုတများ တိုးပွားစေရေးနှင့် စာပေဖတ်ရှုသည့် အလေ့အထများရရှိစေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများ၊ ဌာနဆိုင်ရာရုံးများနှင့် စာသင်ကျောင်းများ အရောက် လိုက်လံငှားရမ်းပေးခြင်းအပြင် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း မည်သူမဆို အခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




မျက်စိလျှကြ မျက်ကြည်ရ၊ မြတ်သည့်လျှဒါန။

## မီးခိုးမြူငွေ့ လျှော့ချရေး အသိပညာပေးဟောပြော၊ နံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲ ပြသ

**မိုင်းပန် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောပွဲကို လူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမ၌ စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမျိုးဆောင်းကျော်က လူငယ်ရေးရာများအကြောင်း၊ လူငယ်များအချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ရရှိစေရန် ဟောပြောခဲ့ပြီး မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးရန်ပိုင်ထွန်းက မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် လူငယ်ရေးရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် စာအုပ်ပြပွဲပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**
**မြို့နယ်(ပြန်/ဆက်)**



# မြို့နယ်ပညာရေးမှူးရုံးသစ်ဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း



**ညောင်ဦး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် မြို့နယ်ပညာ ရေးမှူးရုံး RCC နှစ်ထပ်ဆောင်ရုံး သစ်ဖွင့်ပွဲနှင့် ဝါဆိုသင်္ကန်းဆက် ကပ်လှူဒါန်းပွဲကို ကုန်းတန်း ကြီးကျေးရွာအုပ်စု၊ ညောင်ဦး- ကျောက်ပန်းတောင်းကားလမ်းမ ကြီးဘေး မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ စက်တင် ဘာ ၁၈ ရက် နံနက် ၉ နာရီ က ကျင်းပသည်။ (ဝဲပုံ)

ရှေးဦးစွာ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်၊ လောကနန္ဒာ စာသင်တိုက်ပဓာနနာယကဆရာ တော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တမေဃိယ ဦးဆောင်၍ ဗုဒ္ဓါ ဘိသေက ဘုရားအနေကဇာတင် ကြပြီး ဆရာတော်ထံမှ ရှစ်ပါး သီလခံယူဆောက်တည်ကြကာ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်း ကြပြီး ဆရာတော်များ ရွတ်ပွား သော မေတ္တသုတ်ပရိတ်တရား တော်များကို နာယူကြည်ညိုကြ ကာ မြို့နယ်ရုံးသစ်ဖွင့်ပွဲ အထိမ်း အမှတ်အဖြစ် ရွှေမိုးငွေမိုးရွာသွန်း ခဲ့သည်။

ညောင်ဦးမြို့နယ် မြို့နယ် ပညာရေးမှူးရုံးသည် ပေ (၈၀× ၃၀)၊ RCC နှစ်ထပ်ဆောင် ဖြစ်ပြီး အဆောက်အအုံကုန်ကျငွေ ကျပ် သိန်း ၂၆၄ ဒသမ ၀၀၀ ဖြင့် တည်ဆောက်ပြီးစီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

(၄၈၁)

*- *- *- *- *



# ရာသက်ပန်ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၀**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်ပိုင်း က ရာသက်ပန်ဆွမ်းပဒေသာပင် အတွက် အလှူငွေလှူဒါန်းပွဲကျင်းပ သည်။

ရှေးဦးစွာ ကျောင်းအုပ် ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကောသဝ (မွှောစရိယ၊B.A)က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်ချအနု မောဒနာတရား ဟောကြားချီး မြှင့်သည်။

ထို့နောက် မန္တလေးမြို့နေ အလှူရှင် ဦးထွန်းရွှေ+ဒေါ်ရှုဝမ် မိသားစုက ရာသက်ပန်ဆွမ်း ပဒေသာပင်အတွက် ယခင် လှူဒါန်းပြီး ငွေကျပ် သိန်း ၂၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ၁၀ သိန်း၊ စုစုပေါင်းငွေကျပ်သိန်း ၃၀ ကို လှူဒါန်းရာ ဥပဏ္ဍိမ္ဘက အဖွဲ့ဝင် ဦးလှက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်သည်။

ဆက်လက်၍ အဆိုပါ ရာသက်ပန်ဆွမ်းပဒေသာပင် အလှူ ရှင် မိသားစုက ကျောင်းအုပ် ဆရာတော်အမှူးပြုသော ကထိက ဆရာတော်များ၊ သင်တန်းသား သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရ သည်။ (အပေါ်ပုံ)

(PNT)

# မွေးနေ့အထိမ်းအမှတ် အရဏ်ဆွမ်းဆက်ကပ်လှူဒါန်း

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊ မဟာအောင်မြေ မြို့နယ်၊ ၃၈လမ်း၊၇၁လမ်းနှင့် ၇၂ လမ်းကြား၊ဗောဓိမဏ္ဍိုင်သီလရှင် စာသင်တိုက်တွင် သီလရှင်ဆရာ ကြီး၊ ဆရာလေးများအား ယမန်နေ့ နံနက်ပိုင်းက မွေးနေ့အထိမ်း အမှတ်အဖြစ် အရုဏ်ဆွမ်းဆက် ကပ်လှူဒါန်းကြသည်။

ရှေးဦးစွာ သီလရှင်စာသင်တိုက် နာယက ဆရာကြီး ဒေါ်မာလာ သီဂီ အမှူးပြုသော ဆရာကြီး၊ ဆရာလေးများနှင့် စာသင်သား သီလရှင်များက ကြွရောက်တော် မူကြရာ အလှူရှင် မန္တလေး၊ မဟာအောင်မြေမြို့နယ်၊၃၆လမ်း၊ ၆၉လမ်း၊ စည်ပင်ဝန်ထမ်းအိမ်ရာ နေ ဦးမောင်မောင်+ဒေါ်မိုးသူဇာ တို့က (သား)မောင်မျိုးသန့်ကျော် ၏ (၂၂)ပြည့်မွေးနေ့ အထိမ်း အမှတ်အဖြစ် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူ ကြပြီး ဆရာကြီး၊ဆရာလေးအပါး ၄၀ကျော်တို့အား အရုဏ်ဆွမ်း အဖြစ် နို့စိမ်းခေါက်ဆွဲဆက်ကပ် ကြကြောင်း သိရသည်။



(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၃)

# တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသော ဝန်ထမ်းများ၏ သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်

**ကန့်ဘလူ စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်စိုက်ပျိုးရေးဦးစီး ဌာနအစည်းအဝေးခန်းမ၌ ၂၀၂၄- ၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင် ခဲ့သော ကန့်ဘလူခရိုင်အတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ ၏သား၊သမီးများအား ဂုဏ်ပြု ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပ သည်။ (အောက်ပုံ)



အခမ်းအနားတွင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လှ ကြိုင်က ဂုဏ်ပြုဆုချီးမြှင့်ပေးအပ် ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး တာဝန်ရှိသူများ က ထူးချွန်စွာအောင်မြင်ကြသော ကျောင်းသား၊ ကျောင်းသူများ အား ဆုများအသီးသီးချီးမြှင့် ပေးအပ်သည်။ ထို့နောက် ဆုရ ကျောင်းသား၊ ကျောင်းသူများ ကိုယ်စား နှစ်ဘာသာဂုဏ်ထူးရှင် မဆုသဇင်နွယ်က ကျေးဇူးတင် စကားပြန်လည်ပြောကြားသည်။

၂၀၂၄-၂၀၂၅ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ကန့် ဘလူခရိုင်အတွင်းရှိ စိုက်ပျိုးရေး ဦးစီးဌာနမှ ဝန်ထမ်းများ၏ သား၊ သမီး လေးဦး ဝင်ရောက်ဖြေဆို ခဲ့ရာ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် ရိုးရိုးအောင် တစ်ဦး တို့အား စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ငွေကျပ် နှစ်သိန်းခွဲ၊ စိုက်ပျိုးရေး ဦးစီးဌာနရုံးချုပ်မှ ငွေကျပ်နှစ်သိန်း ခွဲ၊ စစ်ကိုင်းတိုင်းဒေသကြီး စိုက် ပျိုးရေးဦးစီးဌာနမှ ငွေကျပ် တစ် သိန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်မျိုးသန့်ခြံမှ ငွေကျပ် ခြောက်သောင်းစီ၊ စုစုပေါင်း ငွေကျပ် ၇၈၀၀၀၀ တို့ကို ချီးမြှင့် ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

*- *- *- *- *

*- *- *- *- *- *- *

# ဝန်ထမ်းမိသားစုများ၏ ထူးချွန် သား၊သမီးများနှင့် အဝေးသင်တက်ရောက်မည့် ဝန်ထမ်းများအား ထောက်ပံ့ချီးမြှင့်ပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေး၊အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန က တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူး ချွန်စွာအောင်မြင်ခဲ့သော ဝန်ထမ်း မိသားစုဝင် သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် အဝေးသင် တက်ရောက်မည့် ဝန်ထမ်းများ အား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၁နာရီက အောင်မြေ သာစံမြို့နယ်၊ မန်းတောင်ခြေရှိ အဆိုပါရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး က အမှာစကားပြောကြားပြီး ဝန်ထမ်း သား၊ သမီးများမှ တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံး ဘာသာဖြင့် ခြောက်ဦး၊ တစ်ဘာ သာ ဂုဏ်ထူးဖြင့် တစ်ဦး၊ ရိုးရိုး အောင် တစ်ဦး၊ အဝေးသင် တက္ကသိုလ် တက်ရောက်ကြမည့် ဝန်ထမ်း ၁၂ ဦးတို့အား တာဝန်ရှိ သူများက ဂုဏ်ပြုဆုနှင့် ထောက်ပံ့ ကြေးများ ပေးအပ်ကြကာ ကျောင်းသား တစ်ဦးနှင့် ဝန်ထမ်း တစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

အခမ်းအနားသို့ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ် ချုပ်ရေးမှူး ဦးအောင်ဆွေ၊ ခရိုင် စည်းရုံးရေးနှင့် စည်းကမ်းထိန်း သိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင် အုန်းမြ၊ ခရိုင်အတွင်းရှိ မြို့နယ် များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြတ်သူအောင်နှင့် အရာထမ်း၊ အမှုထမ်းများ၊ အဝေးသင်တက် ရောက်ကြမည့် ဝန်ထမ်းများ၊ ထူးချွန်ကျောင်းသား၊ ကျောင်းသူ များနှင့် ၎င်းတို့၏မိဘများ တက် ရောက်ကြကြောင်း သိရသည်။



(ဝဲပုံ)

(၀၉၃)

*- *- *- *- *

# ပွင့်ဖြူမြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်

**ပွင့်ဖြူ စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ တွင် စက်တင်ဘာ ၁၈ နံနက် ပိုင်းက လူမှုရေးပင်စင်အကျိုးခံစား ခွင့်ရှိသည့် အသက်(၈၅)နှစ်နှင့် အထက် သက်ကြီးဘိုးဘွားများ အား လူမှုရေးပင်စင်များ ထောက်ပံ့ ပေးအပ်ခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် အသက် (၈၅)နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများကို လူမှုဝန်ထမ်း ဦးစီးဌာနမှ လူမှုရေးပင်စင်များ ထောက်ပံ့ပေးလျက်ရှိရာ ယခု အကြိမ် လူမှုရေးပင်စင်ထောက်ပံ့ ပေးအပ်ခြင်းမှာ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ပထမသုံးလပတ်နှင့် ဒုတိယသုံးလပတ် ခြောက်လစာ အတွက် ပေးအပ်ခြင်းဖြစ်ပြီး စက်တင်ဘာ ၁၅ ရက်မှစတင်၍ မြို့နယ်အတွင်းရှိ လူမှုရေးပင်စင် အကျိုးခံစားခွင့်ရှိသည့် သက်ကြီး ဘိုးဘွား ၇၇၆ ဦးအား တစ်ဦး လျှင် ငွေကျပ် ၆၀၀၀၀ နှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်း က ပြောသည်။

(၄၄၅)

ကျန်းမာရေး ကဏ္ဍ

# ကျန်းမာရေးအတွက် ဆေးနည်းများ

အောင်မျိုးမြတ်(မန္တလေး)

**Tik Tok မှာတွေ့တဲ့ ဆေးနည်းလေးတွေကို ထပ်မံဖော်ပြပေးလိုက်ပါတယ်။ စာဖတ်သူများ ဒီဆေးနည်းလေးတွေကိုတွေ့ပြီး အနာနှင့် ဆေး တွေ့၍ ပျောက်ကင်းကြပါစေလို့ စေတနာ၊ မေတ္တာရှေ့ထားပြီး တစ်ဆင့်မျှဝေပေးလိုက်ပါတယ်။**



**ဂုံခါး**

ဂုံခါးရွက်ဟာ အဆိပ်အတောက်များကိုလည်း ကောင်း၊ အဖျား၊ ငှက်ဖျားရောဂါများကိုလည်း ကောင်း နိုင်၏။ အပွင့်ဟာ သွေးအားနည်းပြီး ကျုံလှီသောအနာ၊ ချောင်းဆိုး၊ ချွေးထွက်နည်းခြင်းတို့ကို နိုင်၏။

ဂုံခါးမြစ်သည် အကြောတင်းခြင်း၊ ရင်ပြည့်ခြင်း၊ ဝမ်း၌အလုံးတည်သော အနာတို့ကို နိုင်၏။ အဆိပ်အတောက်နဲ့ အဖျားတို့ကို ပယ်ဖျောက်စေ၏။ သွေး၊ သည်းခြေ၊ သလိပ်နာ၊ လည်ချောင်းနာ၊ လျှာနာ၊ အာခေါင်ခြောက်သွေ့သော အနာတို့ကို နိုင်၏ဟု ဆေးကျမ်းများက ဆိုသည်။

ကွမ်းစားသူများ လေမပွစေရန်၊ လေမထစေရန် ဂုံခါးအနည်းငယ် ထည့်စားပေးပါ။

အစားများ၍ အစာမကြေဖြစ်နေလျှင် ဂုံခါးမှုန့်အနည်းငယ်ကို လျှက်ပေးလျှင် အစာကြေစေပါတယ်။


အစာစားပြီးနောက် လေခံပြီး ကြို့ထိုးနေလျှင် ဂုံခါးကို ပျားရည်နဲ့ရောပြီး လျှက်ပေးလျှင် သက်သာပျောက်ကင်းစေပါတယ်။

လျှာနာ၊ အာခေါင်နာ၊ ခံတွင်းနာများဖြစ်လျှင် ဂုံခါးအမြစ်ကို ငုံထားပြီး ထွက်လာသော အရည်ကို မျိုချပေးပါက သက်သာစေပါတယ်။

ချမ်းတုန်ဖျား၊ ငှက်ဖျားဖြစ်လျှင် ဂုံခါးအရွက်၊ အပွင့်၊ အမြစ်များကိုပြုတ်ပြီး သောက်ပေးပါက ပျောက်ကင်းစေပါတယ်။

နို့တိုက်မိခင်များ နို့ထွက်နည်းပါက ဂုံခါးရွက်ကို ဟင်းချိုချက်သောက်ပါက နို့ထွက်ကောင်းစေပါတယ်။

ချောင်းခြောက်ဆိုးလျှင် ဂုံခါးအမှုန့်ကို နွယ်ချို၊ သိန္ဓောတို့ဖြင့် ရောကြိတ်ပြီး လျှက်ဆားအဖြစ် လျှက်ပေးပါက သက်သာစေပါတယ်။



**ပဲပင်ပေါက်**

ပဲပင်ပေါက်မှာ အင်ဇိုင်းတွေ၊ ပရိုတင်းဓာတ်တွေ၊ ဗီတာမင်နဲ့ သတ္တုဓာတ်တွေ များစွာပါဝင်ပါတယ်။

ပဲပင်ပေါက်မှာ သံဓာတ်များစွာ ပါဝင်သောကြောင့် သွေးအားနည်းရောဂါမဖြစ်အောင် ကာကွယ်နိုင်သလို ရောဂါဖြစ်နေရင်လည်း ကုသပေးနိုင်ပါတယ်။

ပဲပင်ပေါက်ကို ပုံမှန်စားသုံးပေးရင် သွေးတွင်းမကောင်းတဲ့ ကိုလက်စထရောကို လျှော့ကျစေပါတယ်။

ပဲပင်ပေါက်ဟာ နှလုံးနဲ့ သွေးကြောတွေကို ကျန်းမာစေတာကြောင့် နှလုံးသွေးကြောကျဉ်းရောဂါမဖြစ်အောင် ကာကွယ်ပေးနိုင်ပါတယ်။

ပဲပင်ပေါက်မှာ အမျှင်ဓာတ်များစွာပါဝင်တာကြောင့် အူလှုပ်ရှားမှုကို ကောင်းမွန်စေပြီး ဝမ်းချုပ်ခြင်းကို သက်သာစေပါတယ်။

အာဟာရချို့တဲ့မှုကြောင့် ဆံပင်တွေကျိုးပြတ်တာ၊ လက်သည်း၊ ခြေသည်းတွေ ကြွပ်ဆတ်တာတို့ဖြစ်တတ်ပါတယ်။ အထူးသဖြင့် ပရိုတင်းဓာတ်၊ ဗီတာမင်နဲ့ ဇင့်(သွပ်)ဓာတ်တို့ ချို့တဲ့တာကြောင့် ဖြစ်တတ်ပါတယ်။ ပဲပင်ပေါက်မှာ ဒီအာဟာရဓာတ်တွေ အများအပြားပါဝင်တဲ့အတွက် ဆံပင်သားနဲ့ လက်သည်း၊ ခြေသည်းပြဿနာတွေမဖြစ်အောင် ကာကွယ်နိုင်ပါတယ်။

ပဲပင်ပေါက်မှာ လက်ဆီသင် ပမာဏများစွာပါဝင်တဲ့အပြင် သွေးတွင်းမကောင်းတဲ့ ကိုလက်စထရောကို လျှော့ကျစေကာ အသည်းမှာ အဆီကပ်ငြိမှုမဖြစ်အောင် ကာကွယ်ပေးပါတယ်။ အသည်းအဆီဖုံးမှုမဖြစ်အောင်လည်း ကာကွယ်နိုင်ပါတယ်။

ပဲပင်ပေါက်မှာ အီစထရိုဂျင်လို အာနိသင်ပေးနိုင်တဲ့ ဖိုင်တိုအီစထရိုဂျင်များစွာ ပါဝင်ပါတယ်။ ဒါကြောင့် သွေးဆုံးချိန်နဲ့ ဆက်စပ်နေတဲ့ ရင်တုန်တာ၊ ညဘက်ပူလောင်ပြီး ချွေးထွက်တာ စတဲ့ ဝေဒနာတွေကို သက်သာစေပါတယ်။

သွေးဆုံးဝေဒနာအများစုက အီစထရိုဂျင်အဆင့် လျော့နည်းလို့ ဖြစ်တာပါ။ ပဲပင်ပေါက်မှာ တွေ့ရတဲ့ ဖိုင်တိုအီစထရိုဂျင်တွေဟာ သွေးဆုံးချိန်မှာအဖြစ်များတဲ့ အရိုးပါးရောဂါမဖြစ်အောင်လည်း ကာကွယ်ပေးပါတယ်။

ပဲပင်ပေါက်ဟာ အရေပြားတင်းရင်းမှုနဲ့ အစိုဓာတ်လျော့ကျမှုကြောင့်ဖြစ်တဲ့ အရေပြားအိုမင်းတဲ့ ဖြစ်စဉ်ကို မဖြစ်အောင် ကာကွယ်ပေးပါတယ်။

ပဲပင်ပေါက်မှာ စွမ်းအင်နဲ့ တခြားအာဟာရဓာတ်တွေ အများအပြားပါဝင်တာကြောင့် စိတ်ဖိစီးမှုနဲ့ မောပန်းမှုတို့ကြောင့် ဖြစ်လာတဲ့ ဝေဒနာတွေကို သက်သာလျော့ပါးစေပါတယ်။



**ပဲစောင်းလျားသီး**

ပဲစောင်းလျားသီးမှာ ဗီတာမင်စီနဲ့ ဗီတာမင်အေ ကြွယ်ဝစွာ ပါဝင်ပါတယ်။ ဗီတာမင်နှစ်မျိုးလုံးက ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေအဖြစ် လုပ်ဆောင်ပေးတဲ့အပြင် အရေးအကြောင်းတွေလိုမျိုး အရွယ်မတိုင်မီ အိုမင်းရင့်ရော်ခြင်းလက္ခဏာတွေကို ကာကွယ်ပေးနိုင်ပြီး အရွယ်တင်နုပျိုစေပါတယ်။

ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေ ပါဝင်မှုများတာကြောင့် အသားအရေကို တင်းရင်းစေပြီး နုပျိုစေပါတယ်။

အသီးက လုံးဝမချဉ်ပေမယ့် ဗီတာမင်စီပါဝင်မှုများတာကြောင့် ကိုယ်ခံအားစနစ်ကို အားကောင်းစေပါတယ်။ သွေးကြောတွေရဲ့ ကျံ့နိုင်စွမ်းကို ကောင်းစေပြီး ကင်ဆာရောဂါတချို့ကနေ ကာကွယ်ပေးနိုင်ပါတယ်။

ပဲစောင်းလျားသီးမှာ သံဓာတ်၊ မဂ္ဂနီစီယမ်၊ ကယ်လ်စီယမ်၊ ဖော့စဖရပ်စ်တို့ကို သတ္တုဓာတ်တွေ အများအပြားပါဝင်ပါတယ်။ ဒါ့အပြင် ဗီတာမင်အေ၊ ဘီ၊ အီတွေလည်း ပါဝင်ပါတယ်။

ပဲစောင်းလျားသီးက ဒီအင်န်အေနဲ့ ဆဲလ်တွေအတွက် မရှိမဖြစ်လိုအပ်တဲ့ ဓာတ်တစ်မျိုး ဖြစ်ပါတယ်။ အမျိုးသမီးတွေမှာဆိုရင် ကိုယ်ဝန်ရခါစနဲ့ ကိုယ်ဝန်ဆောင်ချိန်အတွင်း အစာအာဟာရကနေ ဖောလိတ်ဓာတ်ရရှိမှု လုံလောက်အောင် အထောက်အကူပြုပေးနိုင်ပါတယ်။

ပရိုတင်းဓာတ်ပါဝင်မှုကို ကြည့်မယ်ဆိုရင် ပဲပိစပ်နဲ့အတူတူပါပဲ။ တခြားပဲတွေလိုပဲ ပဲစောင်းလျားသီးအစေ့ရဲ့ ပရိုတင်းပမာဏဟာ ပြောင်းဖူးနဲ့တွဲဖက်လိုက်ရင် နွားနို့ကို မီနိုင်ပါတယ်။

ကယ်လ်စီယမ်ပါဝင်မှုမြင့်မားလို့ အရိုးတွေ သန်မာစေပြီး နေမကောင်းဖြစ်နေသူတွေ၊ အားနည်းနေသူတွေကို ခွန်အားတိုးစေပါတယ်။



**သင်္ဘော**

သင်္ဘောပင်၏ အသီး၊ အရွက်၊ အစေ့နှင့် အခေါက်တို့တွင် ကျန်းမာရေးအတွက် အကျိုးပြုသော ဓာတ်ပေါင်းများ ပါဝင်ပါတယ်။

အစာခြေစနစ်ကို ကောင်းမွန်စေခြင်း၊ ပါပါယိန်းအင်ဇိုင်းပါဝင်သောကြောင့် အစာကြေလွယ်စေကာ ဗိုက်အောင့်ခြင်း၊ လေနာခြင်းကို သက်သာစေပါတယ်။ အမျှင်ဓာတ်ကြွယ်ဝစွာ ပါဝင်သောကြောင့် ဝမ်းချုပ်ခြင်းကို ကာကွယ်ပေးပါတယ်။

ဗီတာမင်စီ၊ အေ၊ အီး၊ ကေတို့ ကြွယ်ဝပြီး ကိုယ်ခံအားကို မြှင့်တင်ပေးပါတယ်။ ပိုတက်ဆီယမ်၊ မဂ္ဂနီဆီယမ်နဲ့ ဖောလိတ်ဓာတ်တို့ ပါဝင်ပါတယ်။

အဆစ်အမြစ်ရောင်ခြင်း၊ ထိခိုက်ဒဏ်ရာများ ဖြစ်ပါက ရောင်ရမ်းမှုကို လျော့ကျစေပါတယ်။ အဆီကျစေပြီး သွေးတိုးနဲ့ နှလုံးရောဂါကို လျော့ချပေးပါတယ်။

ဗီတာမင်စီနဲ့ အန်တီအောက်ဆီးဒင့်များက အရေးအကြောင်းနဲ့ ဝက်ခြံများကို လျော့ကျစေပါတယ်။ သင်္ဘောရွက်မှာ ကရိုင်ပိုပေါင် ပါဝင်လို့ သွေးဥမွှားအရေအတွက်ကို မြှင့်တင်ပေးနိုင်ပါတယ်။

သင်္ဘောရွက်ဖျော်ရည်ဟာ သွေးလွှတ်ကြောအတွင်း ပလာစမာပရိုတင်းကို မြင့်တက်စေကာ သွေးပြန်ကြောပျက်စီးမှုကို ကာကွယ်ပေးနိုင်ပါတယ်။

သင်္ဘောရွက်ပြုတ်ရည်သောက်ခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးနိုင်ပါတယ်။

သင်္ဘောရွက်မှာ ကင်ဆာဆဲလ်ကြီးထွားမှုကို ဟန့်တားနိုင်သော ဒြပ်ပေါင်းများ ပါဝင်ပါတယ်။

သင်္ဘောစေ့မှုန့်ကို ရေနွေးနှင့်သောက်ပါက အသည်းအဆီဖုံးခြင်းနဲ့ အသည်းရောင်၊ အသားဝါဘီပိုးကို ကာကွယ်နိုင်ပါတယ်။ ကာပါယန်းဓာတ်ဟာ ခန္ဓာကိုယ်အတွင်းရှိ ကပ်ပါးကောင်များကို သေစေနိုင်ပါတယ်။ ဘက်တီးရီးယားနဲ့ မှိုရောဂါများကို တိုက်ဖျက်ပေးနိုင်ပါတယ်။

သင်္ဘောသီးအစိမ်းကို အသားနဲ့အတူ ထည့်ချက်ပါက အသားအရေကို နူးညံ့စေပါတယ်။

သင်္ဘောသီးအနှစ်ကို မျက်နှာပေါ်မှာ လိမ်းပေးပါက အရေးအကြောင်းများကို လျော့ပါးစေပါတယ်။

သင်္ဘောရွက် နှစ်ရွက်၊ သုံးရွက်ကို ရေစင်အောင်ဆေးပြီး ကြိတ်ညှစ်ကာ တစ်နေ့လျှင် တစ်ခွက် နှစ်ကြိမ်သောက်ပေးပါ။ အစေ့များကို အခြောက်လှန်းပြီး အမှုန့်ကြိတ်ကာ လက်ဖက်ရည်ဇွန်းတစ်ဇွန်း နေ့စဉ်စားပေးပါ။

**သတိပြုရန်**

သင်္ဘောရွက်နဲ့ အသီးအစိမ်းတွင် လိတ်တက်စ် (Latex)ပါဝင်သောကြောင့် သားအိမ်ကို ကျုံ့စေနိုင်သဖြင့် ကိုယ်ဝန်ဆောင်မိခင်များ စားသုံးခြင်းမှ ရှောင်ကြဉ်သင့်ပါတယ်။

သင်္ဘောသီးဟာ သွေးခဲမှုကို နှေးစေသောကြောင့် သွေးကျဲဆေးသောက်နေရသူများ ဆရာဝန်နဲ့ တိုင်ပင်ပြီးမှ စားသင့်ပါတယ်။



**စံကားဝါ**

စံကားဝါသည် ဖန်၏၊ ချို၏၊ အေးသော ဂုဏ်သတ္တိရှိ၏။ သုက်ကိုပွားစေ၏၊ နှလုံးကို အကျိုးပြု၏၊ သည်းခြေ၊ သလိပ်တို့ကိုနိုင်၏၊ သွေးအန်၊ သွေးကျ၊ ဆီးအောင့်၊ နူနာ၊ အဆိပ်၊ ယားနာနှင့် အနာပေါက်တို့ကို ပျောက်ကင်းစေ၏။

အပွင့်ကို ညက်အောင်ကြိတ်ပြီး ရေအေးနှင့် ဖျော်သောက်ပါက ဆီးအောင့်ခြင်း၊ ကျောက်ကပ်အားနည်းခြင်းရောဂါများ ပျောက်ကင်း၍ ဆီးရွှင်စေပါတယ်။

အပွင့်ပြုတ်ရည်ကို သောက်ပေးပါက အစာအိမ်နာကျင်သောရောဂါ၊ လေရောဂါ၊ ကျောက်ကပ်ရောဂါနှင့် ညောင်းကျရောဂါများကို ပျောက်ကင်းစေပါတယ်။

အရွက်နုစိမ်ရည်ကို စစ်၍ မျက်စိကို ခတ်ပေးပါက မျက်စိအတွင်းရှိ အညစ်အကြေးများကို စင်ကြယ်စေပြီး မျက်စိအားနည်းရောဂါပျောက်ကင်းစေပါတယ်။

အရွက်ကို အရည်ညှစ်၍ ပျားရည်နှင့်ရောသောက်ပေးပါက ရင်ဘတ်အောင့်နာကို ပျောက်ကင်းစေပြီး ဝမ်းတွင်းရှိ တုတ်ပိုး၊ သန်ပိုးများကိုလည်း ကျဆင်းစေပါတယ်။

အသီးကိုဖြစ်စေ၊ အစေ့ကိုဖြစ်စေ ရေနှင့်သွေးလိမ်းပါက ပေါင်၌ဖြစ်သော အကျိတ်အဖုများကို ပျောက်ကင်းစေပါတယ်။

အသီးခွံနှင့် ပင်စည်ခေါက်များကို နူနာရောဂါကုသရာမှာ ထည့်သွင်းအသုံးပြုပါတယ်။

အခေါက်မှုန့်ကို ပျားရည်နှင့်ရောပြီး လျှက်ပေးပါက ချောင်းခြောက်ရောဂါပျောက်ကင်းစေပါတယ်။

အခေါက်ကို ပြုတ်သောက်ပါက နာတာရှည်လေရောဂါကို ပျောက်ကင်းစေပါတယ်။

အမြစ်ခြောက်ကိုဖြစ်စေ၊ အမြစ်အခေါက်ကိုဖြစ်စေ ရေနှင့်သွေးပြီး အနာများပေါ်၌ အုံပေးပါက အနာနုလျှင် ပိန်၍ ရင့်လျှင် ပြည်ပေါက်ကာ ပျောက်ကင်းစေပါတယ်။

**"အာရောဂျံ ပရမံ လာဘံ"**

**ကိုးကား - Tik Tok**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ ၅၇-(B)လမ်းနှင့် ၁၀၃လမ်းထောင့်တွင် တည်ရှိသော အကွက်အမှတ်(ဂဂ-၃)၊ ဦးပိုင်အမှတ်(၂)၊ ဧရိယာဧက(၀ ဒသမ ၀၅၅၁)အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ အာရ်စီသုံးထပ်အဆောက်အအုံ(ရေမီးအစုံ)၊မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်ဝမ်တယ်စုံး(၁၃/ လရန(နိုင်)၁၂၁၀၉၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ –**

**ဦးလှမိုး (ဥပဒေဘွဲ့)** — **(တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)** — **(တရားလွှတ်တော်ရှေ့နေ)**

**အမှတ်(ဒ-၁၁ /၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၇၀၀၀၇ ၊ ၀၉-၇၉၂၀၇၀၀၀၇ ၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၂)၊ ဦးပိုင်နံပါတ်(၂၆-ဂ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၈၃)ဧက အကျယ်အဝန်းရှိ ဦးလှစိုး အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နန်းလောင်(ဝ်)ခမ်း(ဘ)ဦးဟိန်ရ(၁၃/မရတ(နိုင်)၀၁၂၈၅၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးဝေဖြိုးသူ (LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဦးကြည်ယံ (LL.M)** — **အထက်တန်းရှေ့နေ**
**ဦးမျိုးထက်လင်း (LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ရွှေရည်ဝင်း (LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၇၉၈၄၇၆၃၀၂**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂)၊ ဦးပိုင်အမှတ်(၁၂၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဒေါ်ရန်ရွယ်(ဘ)ဦးမရန်တူး(၁/မညန(နိုင်)၁၁၇၅၃၇)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ရန်ရွယ်(ဘ)ဦးမရန်တူး(၁/မညန(နိုင်)၁၁၇၅၃၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ** B.A (Hist), H.G.P
**ဦးအောင်ဖြိုးမောင်** LL.B
**ဒေါ်နန်းဖြူဖြူအေး** B.Sc . PGDL
**(အထက်တန်းရှေ့နေများ)**

**၅၃လမ်း၊၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၇)၊ ဦးပိုင်နံပါတ်(၂၄၅)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကျော်ဝင်း အမည်ဖြင့် မြေနေရာချထားပေးခြင်း ခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတုန်ပေါင်စိုး(ဘ)ဦးတုန်ရှင်ဖင့်(၁၃/လလန(နိုင်)၀၅၄၂၈၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B,LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အိအိမွန် (LL.B, LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစ်အောင်(LL.M)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်အေးနန္ဒာထွန်း(LL.B)** — **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်မာလာစိုး(LL.B)** — **အထက်တန်းရှေ့နေ**
**ဒေါ်ဖူးသန့်မွန်(LL.B)** — **အထက်တန်းရှေ့နေ**

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ➤ ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၂)၊ ဦးပိုင်အမှတ် (၁၁၆)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဘိုနီ(ဘ)ဦးစံခ(MMO-၂၆၀၆၄၇) အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါ ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း ဧရိယာပေ(၂၀×၆၀)အကျယ်အဝန်းရှိ ဂရန်မြေကွက်တစ်ခြမ်းနှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်အဆောက်အအုံ(ရေ+မီး) အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံ ကတိပြုသူ ဦးဇော်အောင်နိုင်(ဘ)ဦးကိုကြီး(၉/မရမ(နိုင်)၀၀၀၀၀၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါဂရန်မြေကွက်တစ်ခြမ်း အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ (B.A (Hist), H.G.P)** **ဦးအောင်ဖြိုးမောင် (LL.B)** **ဒေါ်နန်းဖြူဖြူအေး(B.Sc.PGDL)**
**(အထက်တန်းရှေ့နေများ)**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့်၁၁၀(B)လမ်းကြား၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊ ၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ အိုင်ကြီးကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၅၅၀/ချောင်းကြီး၀)၊ ဦးပိုင်အမှတ်(၈၁)၊ ဧရိယာ (၃ ဒသမ ၇၆)ဧက အကျယ်အဝန်းရှိ မြေကွက်မှာ ဦးဌေးနိုင်(ဘ)ဦးတင်ထွန်း(၉/ပသက(နိုင်)၀၇၆၂၅၁)အမည်ဖြင့် ပုံစံ(၇)ရရှိထားသော လယ်မြေကွက်ဖြစ်ပါသည်။ အဆိုပါလယ်မြေကွက်အတွင်းမှ ဧရိယာ (၂ ဒသမ ၉၅)ဧက အကျယ်အဝန်းရှိ လယ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဌေးနိုင်(ဘ)ဦးတင်ထွန်း(၉/ပသက(နိုင်)၀၇၆၂၅၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ လယ်မြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ** B.A (Hist), H.G.P
**ဦးအောင်ဖြိုးမောင်** LL.B
**ဒေါ်နန်းဖြူဖြူအေး** B.Sc . PGDL
**(အထက်တန်းရှေ့နေများ)**

**၅၃လမ်း၊၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁၊၀၉-၇၉၂၁၁၉၁၆၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မျက်ပါးရပ်၊ ဟေမမာလာမြောက်ရပ်ကွက်၊ အကွက်အမှတ်(၆၅၁)၊ ဦးပိုင်အမှတ်(၄၇-ခ)၊ ဒေါ်သိန်းတင်အမည်ပေါက် မြေကွက်၏ အလယ်ပိုင်း ယခုရောင်းချသူ တရားဝင် လက်ရှိပိုင်ဆိုင် အသုံးပြုလျက်ရှိသော အရှေ့-အနောက် ပေ(၂၀)၊ တောင်-မြောက် ပေ (၅၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ရှိနေထိုင်ပိုင်ဆိုင် အသုံးပြုလျက်ရှိသူဟု အဆိုပြုသူ ဒေါ်နီလာနိုင်(ဘ)ဦးလှထူး(၉/ပကခ(နိုင်)၀၂၄၅၀၇)ကိုင်ဆောင်သူတို့မှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးမာ (LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ**

**အကွက်(၈၅၄)၊ ချမ်းမြသီတာလမ်း၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊မန္တလေးမြို့။**
**ဖုန်း ၀၉-၇၉၇၁၁၄၅၅၆**

## ပျောက်ဆုံးကြောင်း

ဒေါ်ရီဝေနွယ်(ဘ)ဦးအောင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၅၅၉၄၈) ကိုင်ဆောင်သူ၏ Passport No. MA-293 111 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

09-976961676

## ပျောက်ဆုံးကြောင်း

ဒေါ်ယမုံနွယ်(ဘ)ဦးအောင်မြင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၉/မဟမ(နိုင်)၀၅၃၃၇၄) ကိုင်ဆောင်သူ၏ Passport No. MA-288 470 သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

09-976961676

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၉၀)၊ ၅၆လမ်းနှင့် ၅၇လမ်းကြား၊ ၁၀၂လမ်းနှင့် ၁၀၃လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးလက်မွန်ဝင့်ဖြိုး(၇/တငန(နိုင်)၀၀၀၅၇၁)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## မိဘအမည်မှန်

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဖောင်တော်ဦး ဘုန်းတော်ကြီးသင်အထက်တန်းကျောင်း (Grade-12) မှ **နန်းဆောင်းဝေဖူး** ၏ မိဘအမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးခွန်အောင်နီ၊ ဒေါ်နန်းစွူ** ဖြစ်ပါသည်။

**ဦးခွန်အောင်နီ(၁၃/တကန(နိုင်)၂၂၇၉၉၀)**
**ဒေါ်နန်းစွူ(၁၃/တကန(နိုင်)၂၇၃၆၁၁)**

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်(ညည-၅)၊ ဦးပိုင်အမှတ်(၁၀၂)၊ ၅၉လမ်းနှင့် လမ်း၆၀ကြား၊ ၁၂၁လမ်းနှင့် ၁၂၂လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးကျော်ငွေးကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အေးတင့်(၉/မနတ(နိုင်)၀၂၅၁၀၄)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၅၇၇/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၈)၊ ဦးပိုင်အမှတ်(၅-ခ)၊ ၃၅လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ရန်စိန်ကြူထံမှ အပေးစာချုပ်အမှတ် (၁၆၉၆/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးရန်ကြာဆင်း(ခ)ခင်မောင်ညွန့်(၁၃/လရန(နိုင်)၀၉၈၄၂၄)က အမှုတွဲအမှတ်(၀၃၁၀/ဘ(ပြောင်း)၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ပြင်ဆင်ဖတ်ရှုပါရန်

(၁၇-၉-၂၀၂၅)ရက်ထုတ် မန္တလေးနေ့စဉ်သတင်းစာ၊ စာမျက်နှာ(၁၉)၌ပါရှိသော အများသိစေရန်ကြေညာခြင်း အကွက်အမှတ်(တတ-၂၂)၊ ဦးပိုင်နံပါတ်(၅၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၅၀)ဧကအစား မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၈)၊ ဦးပိုင်အမှတ်(၁၇)၊ ၁၁၀လမ်းနှင့် ၁၁၁လမ်းကြား၊ လမ်း၅၀နှင့် ၅၁လမ်းကြားရှိ တသသန်းထွန်းအေးအမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်သန္တာအောင်၊ ဦးမြင့်ထွေးတို့က တရားပြိုင် တပ်သားသန်းထွန်းအေးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၁၅/၂၀၂၅)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးမြင့်ထွေး(၉/မရမ(နိုင်)၀၁၉၇၅၁)၊ ဒေါ်သန္တာအောင်(၉/နထက(နိုင်)၁၇၃၆၁၃)တို့က တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၈၈)၊ ဦးပိုင်အမှတ်(၄-က+၅-က)၊ ၃၅လမ်း၊ ၈၇လမ်းနှင့် ၈၈လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ရီကြူထံမှ အပေးစာချုပ်အမှတ်(၁၆၉၅/၂၀၂၅)ဖြင့် လက်ခံခဲ့သူ ဦးရန်ကြာဆင်း(ခ)ခင်မောင်ညွန့်(၁၃/လရန(နိုင်)၀၉၈၄၂၄)က အမှုတွဲအမှတ်(၀၃၁၂/ဘ(ပြောင်း)၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၄)၊ ဦးပိုင်အမှတ်(၅-ခ+၆)ခဲစင်းအနောက်ခြမ်း၊ ၁၃(A)လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြားရှိ ဦးအောင်၊ ဒေါ်ဟီ၊ ဦးရွှေလုံး၊ ဒေါ်ရွှေအုံအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၅၄၉/၁၉၉၈)ဖြင့် ဦးမောင်တင့်၊ ဒေါ်သန်းတင်၊ ဒေါ်တင်တင်ငွေးတို့က အမွေဆက်ခံခဲ့ပြီး ဒေါ်သန်းတင်ထံမှ စွန့်လွှတ်စာချုပ်အမှတ်(၅၅၁/၁၉၉၈)ဖြင့် ဦးမောင်တင့်၊ ဒေါ်တင်တင်ငွေးတို့ကပိုင်ဆိုင်ခဲ့ပြီး ခင်ပွန်းဦးမောင်တင့်ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ်တင်တင်ငွေး(၉/မနမ(နိုင်)၀၈၂၂၁၀)က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်နှင့် ခဲစင်းပြအနောက်ဘက်ခြမ်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင်အမှတ်(၆၅)၊ ၆၄လမ်း၊ ၁၀၅လမ်းနှင့် ၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သန်းဝင်း(၁၃/မဆတ(နိုင်)၀၅၉၈၃၁)ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၈၆၉/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကျော်မင်း(ခ)အောင်ကျော်မျိုး(၁၃/သပန(နိုင်)၀၄၃၅၀၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ်(ဏ-၇)၊ ဦးပိုင်အမှတ်(၅-ခ)၊ ၁၀၆လမ်းနှင့် ၁၀၇လမ်းကြား၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းညွန့်မေ(၁၃/နခန(နိုင်)၀၀၁၅၂၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၉၂၉၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဘိုဝင်း(၉/စကတ(နိုင်)၀၆၆၂၁၉)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ဦးမိုဟာမက်နှင့် အများသိစေရန် ထပ်မံအသိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပုလဲငွေရောင်ရပ်ကွက်၊ အကွက်အမှတ်(၁၅၃)၊ ဦးပိုင်အမှတ်(၄-က+၂၀-၇)၊ ဧရိယာ(၀ ဒသမ ၀၂၈၈+၀ ဒသမ ၀၀၇၀)ဧက အကျယ်အဝန်းရှိ ဘိုးဘပိုင်မြေကွက်သည် ဦးမိုဟာမက်(၉/မရမ(နိုင်)၀၉၁၀၇၀)အမည်ပေါက် မြေကွက်ဖြစ်သည်။

၎င်းမြေကွက်ဝယ်ယူခဲ့စဉ်အချိန်က ဖခင်ဖြစ်သူ ဦးကာစင်မိုဟာမက်ပတေးမှာ အသက်ထင်ရှားရှိခဲ့ပြီး သားဖြစ်သူ ဦးမိုဟာမက်အမည်ဖြင့် ဝယ်ယူခဲ့သောမြေကွက်ဖြစ်ပါသည်။ ဖခင်ဖြစ်သူ ဦးကာစင်မိုဟာမက်ပတေးမှာ(၁၉၉၂)ခုနှစ်တွင် ကွယ်လွန်သွားခဲ့ပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်မှာ အစ္စလာမ်ဓလေ့ထုံးတမ်းဥပဒေအရ ညီကိုမောင်နှမ(၁၀)ဦး ပိုင်ဆိုင်သောမြေကွက်ဖြစ်ပါသည်။ ထို့ကြောင့် မြေကွက်အမည်ပေါက်သူ၏ အစ်ကိုအရင်းဖြစ်သူ ကျွန်တော် ဦးစိုးလွင်(ခ)ဟာဂျီအိက်ဗားလ်ပတေး(၉/အမဇ(ဧည့်)၀၀၀၀၂၆)မှလည်း ပိုင်ဆိုင်ခွင့်ရှိသူတစ်ဦး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်ပတ်သက်၍ (၉-၉-၂၀၁၆)ခုနှစ်တွင် မန္တလေးနေ့စဉ်သတင်းစာတွင် အများသိစေရန်ကြေညာခဲ့ပြီး ဌာနဆိုင်ရာရုံးအသီးသီးသို့ ကန့်ကွက်တင်ပြထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါမြေကွက်နှင့်ပတ်သက်၍ ညီအစ်ကိုမောင်နှမ(၁၀)ဦး၏ သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတနည်းနည်းဖြင့် လွှဲပြောင်းခြင်းများကို မပြုလုပ်ပါရန် ဦးမိုဟာမက်အား ထပ်မံအသိပေးပြီး အကယ်၍ ပြုလုပ်ဆောင်ရွက်လာပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ဦးစိုးလွင်(ခ)ဟာဂျီအိက်ဗားလ်ပတေး၏ လွှဲအပ်ချက်အရ–**

**ဦးဝင်းသန်း (B.Sc (Chem), H.G.P, D.B.L)**

**အထက်တန်းရှေ့နေ**

**ဦးတင်ဇော်လတ်(LL.B) ဦးရဲကျော်သူ(LL.B) ဦးငြိမ်းချမ်းကျော်(LL.B) ဦးစည်သူမြင့်(LL.M)**

**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**

**ယုဇနလမ်းသွယ်၊ သုခမင်္ဂလာ(၂)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။**

**ဖုန်း ၀၉-၄၀၂၆၂၃၁၂၈၊ ၀၉-၄၀၂၆၂၂၄၇၁**

## ကြော်ငြာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(န-၆)၊ ဦးပိုင်အမှတ်(၂၈)၊ ၆၄Aလမ်း၊ ၄၁Aလမ်းဒေါင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုးမိုးအောင်(၉/မနမ(နိုင်)၀၅၀၅၉၃)က ဂရန်စာချုပ်တင်ပြ၍မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အကွက်အမှတ်(၄၈၉)၊ ဦးပိုင်အမှတ်(၂-က)ခဲစင်း၊ ၈၄လမ်း၊ စစ်ကိုင်း-မန္တလေး၊ ရွှေတိဂုံဘုန်းကြီးကျောင်းအနီးရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်မိမိနိုင်(၉/မရတ(နိုင်)၀၅၄၈၉၅)က အမည်ပေါက်မြေပုံတင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃)၊ ဦးပိုင်အမှတ်(၅၇)၊ ၆၇(B)လမ်း၊ ၁၃၂လမ်းနှင့် ၁၃၃လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဝင်းမောင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၅၁၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သီတာဦး(၉/အမရ(နိုင်)၁၁၃၉၈၈)က တောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ်(၂၅၆၆/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၂၀)၊ ဦးပိုင်အမှတ်(၈၀)၊ ၁၀၉လမ်း၊ ၅၁လမ်းနှင့် ၅၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နုနု(၉/မရတ(နိုင်)၁၀၈၂၉၃)၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၂၇/၂၀၁၇)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းစံပေါင်း(၁၃/လခန(နိုင်)၀၀၀၄၄၇)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၇)၊ ဦးပိုင်အမှတ်(၁-ခ/၁၄)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ၁၁၃လမ်းနှင့် ၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသီဟစော(၁၃/တကန(ဧည့်)၀၀၁၉၄၅)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(F-1)၊ ဦးပိုင်အမှတ်(F.1.C)၊ ၆၂လမ်းခွဲအရှေ့၊ ၁၂၉လမ်းနှင့် ၁၃၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းမော်မော်(၉/မရမ(နိုင်)၀၅၇၉၆၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၉၉/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိန့်စင်(၁၃/မကန(နိုင်)၀၂၃၇၆၆)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(F-1)၊ ဦးပိုင်အမှတ်(F.1.A)၊ ၆၂လမ်းခွဲအရှေ့၊ ၁၂၉လမ်းနှင့် ၁၃၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းမော်မော်(၉/မရမ(နိုင်)၀၅၇၉၆၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၀၁/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသန်းထွန်း(၁၃/သပန(နိုင်)၀၅၉၉၂၄)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(F-1)၊ ဦးပိုင်အမှတ်(F.1.B)၊ ၆၂လမ်းခွဲအရှေ့၊ ၁၂၉လမ်းနှင့် ၁၃၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝင်းမော်မော်(၉/မရမ(နိုင်)၀၅၇၉၆၉)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၁၀၀/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကောင်းမြင့်ဖါ(၁၃/မကန(နိုင်)၀၁၅၈၈၂)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၇)၊ ဦးပိုင်အမှတ်(၈)၊ ၆၁လမ်း၊ ၁၂၇လမ်းနှင့် ၁၂၈လမ်းကြားရှိ တော ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျင်ရွှေ၏ (SP ရရှိသူ ဦးခွန်မောင်မောင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၂၄၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစည်သူဝင်း(၁၂/လသန(ပြု)၀၀၁၀၆၆)၊ ဒေါ်အိဖြူဖြူစိုး (၉/မဟမ(နိုင်)၀၀၂၇၀၇)တို့က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၂၅၈၆/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

❖ စည်းကမ်းဆိုသည်မှာ လုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဆောင်ရန်တိုက်တွန်းခြင်းနှင့် မဖြစ်သင့်သည်များကို မလုပ်ဆောင်ရန် တားမြစ်ခြင်းပင်ဖြစ်…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြုလုပ်သော တောင်ညိုတပ်နယ်ရှိ နယ်မြေခံလေ့ကျင့်ရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ရှိ စစ်ဘက်နည်းပညာဆိုင်ရာကုမ္ပဏီများအား လှည့်လည်ကြည့်ရှုလေ့လာ

## နည်းပညာပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများ ဆွေးနွေးညှိနှိုင်း



**နေပြည်တော် စက်တင်ဘာ ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၉ ရက်တွင် (12th Beijing Xiangshan Forum) ဒုတိယနေ့၊ နောက်ဆုံးနေ့ စုံညီအစည်းအဝေး တတိယပိုင်းနှင့် စတုတ္ထပိုင်း (3rd and 4th Plenary Session) သို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၁၈ ရက်နှင့် ၁၉ ရက် ညနေပိုင်းတို့တွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပေကျင်းအခြေစိုက် စစ်ဘက်ဆိုင်ရာ အဆင့်မြင့်စက်မှုနည်းပညာဆိုင်ရာ ကုမ္ပဏီများသို့သွားရောက်၍ မောင်းသူမဲ့ လေယာဉ်ထုတ်လုပ်မှုများ၊ လေကြောင်းနည်းပညာဆိုင်ရာ ပစ္စည်းများ၊ အီလက်ထရောနစ်စစ်ဆင်ရေးနှင့် လေကြောင်းရန် ကာကွယ်ရေးနည်းပညာဆိုင်ရာ စစ်လက်နက်ပစ္စည်းများကို လေ့လာကြည့်ရှုပြီး နည်းပညာပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းကြသည်။

စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး၌ မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) နှင့် မြန်မာသံရုံး၊ စစ်သံရုံးတို့မှ အရာထမ်း၊ အမှုထမ်းများ၊ သံရုံးမိသားစုများ၊ ပေကျင်းမြို့တွင် သင်တန်း တက်ရောက်နေကြသည့် သင်တန်းသားများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ရှင်းလင်းပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ Capital လေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိကြကြောင်း သိရသည်။

သတင်းစဉ်

## ပရီးမီးယားလိဂ်ပွဲစဉ်(၅)တွင် လီဗာပူး၊ ခရစ္စတယ်ပဲလေ့စ်၊ လိဒ်စ်နှင့် မန်ယူအသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**လန်ဒန် စက်တင်ဘာ ၂၀**

ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)တွင် လီဗာပူး၊ ခရစ္စတယ်ပဲလေ့စ်၊ လိဒ်စ်အသင်းနှင့် မန်ယူအသင်းတို့ နိုင်ပွဲကိုယ်စီ အသီးသီး ရရှိခဲ့ကြသည်။

ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅) အစောဆုံးပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆နာရီက လီဗာပူးအသင်းနှင့် အဲဗာတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအသင်းအတွက် သွင်းဂိုး နှစ်ဂိုးကို ပွဲချိန် ၁၀မိနစ်တွင် ဂရာဗန်ဘတ်၊ ပွဲချိန် ၂၉မိနစ်တွင် အီကီတီကီတို့က အသီးသီး သွင်းယူပေးခဲ့ပြီး ရာနှုန်းပြည့် နိုင်ပွဲရယူနိုင်ခဲ့သည်။

ဆက်လက်၍ ည ၈ နာရီခွဲတွင် ဝက်စ်ဟမ်းအသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခရစ္စတယ်ပဲလေ့စ်အသင်းက ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်အဖြစ် လိဒ်စ်အသင်းနှင့် ဝုဖ်အသင်းတို့ပွဲစဉ်တွင်လည်း လိဒ်စ်အသင်းက ဝုဖ်အသင်းကို သုံးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာစံတော်ချိန် ည ၁၁နာရီက မန်ယူအသင်းနှင့် ချဲလ်ဆီးအသင်းတို့ပွဲစဉ်တွင်လည်း မန်ယူအသင်းက ချဲလ်ဆီးအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



မန်ယူအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၄မိနစ်တွင် ဘရူနိုဖာနန်ဒက်ဇ်၊ ပွဲချိန် ၃၇မိနစ်တွင် ကက်စီမီရိုတို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၅)အပြီးတွင် လီဗာပူးအသင်းက ရာနှုန်းပြည့် အနိုင်ရရှိပြီး ရမှတ် ၁၅မှတ်ဖြင့် အဆင့်(၁)နေရာတွင် ရပ်တည်ခဲ့ပြီး ခရစ္စတယ်ပဲလေ့စ်အသင်းက ရမှတ် ၉မှတ်ဖြင့် အဆင့် (၄) နေရာ၊ မန်ယူအသင်းက ရမှတ် ၇မှတ်ဖြင့် အဆင့် (၁၀)နေရာ၊ လိဒ်စ်အသင်းက ရမှတ် ၇မှတ်ဖြင့် အဆင့် (၁၁) နေရာတို့တွင် အသီးသီး ရပ်တည်လျက်ရှိကြောင်း သိရသည်။

(NGB)




## ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၄)အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲက တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဂိုးမရှိ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ယခုပွဲစဉ်တွင် ရှမ်းယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်းတို့ နှစ်သင်းစလုံး တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲချိန်ပြီးဆုံးချိန်တွင် ဂိုးမရှိ သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။

ယခုပွဲစဉ်တွင် AYA Pay of The Match အကောင်းဆုံးကစားသမားဆုကို ရတနာပုံအသင်းမှ စိုးမင်းဦးက ရယူနိုင်ခဲ့သည်။

အခြားပွဲစဉ်အဖြစ် အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ်သာထွက်ပေါ်ခဲ့သည်။

(NGB)